၃၁.၈.၁၉၈၈/၅

မဂ္ဂဇင်း

THE NEWSMAGAZINE

မဟာသူရဲကောင်းကျောင်းသူကျောင်းသားများ ရဟန်းသံဃာတော်များ နှင့် ပြည်သူအပေါင်း တို့၏ ရြေတော်အစုံအား ကြည်ညိုမြတ်နိုးစွာဦးခိုက်ပါ၏

သတင်းမဂ္ဂဇင်း

တန်ဖိုး-၅၅၀ ကြား
ဝုဒ္ဓဟူးနေ့တိုင်း
မတော်ရေ-၂၀၀၀

THE NEWSMAGAZINE မဂ္ဂဇင်း

အယ်ဒီတာချုပ်
အထောက်တော်လှအောင်

ဥက္ကဋ္ဌ အယ်ဒီတာချုပ်
တင်မောင်မြင့်

အုပ်ချုပ်ရေးအယ်ဒီတာ
မြတ်ငြိမ်း

ပြည်ပရေးရာ
ဝင်းအောင်ကြီး

သတင်း
တင်မောင်လတ် (အင်းဝိန်)

မန်းချီ/ဒီဇိုင်း
ဖေညွန့်ဝေ
ထွန်းထွန်းဦး
မောင်မောင်ဦး

သုတေသန
ထင်လင်းထက်
ချိုချိုလွင်ဆွေ
တိုးတိုး
သီတာညိမ်း ,

အယ်ဒီတာလက်ထောက်
မောင်သစ္စာ

လုပ်ငန်းကြီးကြပ်
ကျော်လွင်

ဖြန့်ချိရေး
ဦးတင်

အုပ်ချုပ်ရေးမှူး
တင်ဝင်း

အထွေထွေအကြီးပေး
ကြေးမုံဦးသော်

ဥပဒေအကြီးပေး
ဦးကိုယု

ကာလာခွဲ
ခရေ

သတင်းမဂ္ဂဇင်းတိုက်
၈၆၊ ၃၀-လမ်း၊
ရန်ကုန်မြို့

မကြုံဖူးသော ဆန္ဒပြပွဲ

မြန်မာနိုင်ငံမှာ၊ တိုင်းရင်းသား အပေါင်းတို့၏ တစ်ခဲနက် ညီးလုံးညီညွတ်သော အင်အားဖြင့် ကိုလိုနီနယ်ချဲ့အစိုးရကို တော်လှန်ကာ မြန်မာ့ ဖြေပေါ်မှ စောင်းထုတ်သည်ပဲဖြစ်၊ ကျွန်တော် ကြုံခဲ့ဖူးပါသည်။ သို့သော် အသစ်အဆန်းယ်ယေးသဖြင့် ဦးတဝါးသာ ဖွတ်မိပါသည်။

၁၉၄၅-၄၆ခု၊ မတ်လ ၂၇ရက် ဖက်ဆစ်တော်လှန် ရေးကို အတော်အတန် မှတ်မိပါသည်။ တိုင်းရင်းသား အပေါင်းတို့၏ ညီးလုံးညီညွတ်သော အင်အားသည် အံ့မခန်းရှိခဲ့ပါသည်။

၁၉၄၅-၄၈ လွတ်လပ်ရေးတိုက်ပွဲများကို ပူလတန်း ကျောင်းသားဘဝ၊ အလယ်တန်း ကျောင်းသားဘဝ ဖြင့် ကြုတ္တေခဲ့ရပါသည်။ ကိုယ့်အဆင့်နှင့်ကိုယ် ပါဝင် ဆင်နွှဲခဲ့သဖြင့် ကောင်းစွာမှတ်မိပါသည်။ တိုင်းရင်း သားအပေါင်းတို့၏ ညီးလုံးညီညွတ်သော အင်အား သည် အံ့မခန်း ရှိခဲ့ပါသည်။

လွတ်လပ်ရေးခေတ် လူထု လွှပ်ရှားမှုပေါင်းစုံကို သတင်းစာဆရာဘဝဖြင့် ရှေ့ဆုံးတန်းမှ ကြည့်ရှု၊ လေ့လာ၊ သုံးသပ်၊ မှတ်တမ်းတင်ခွင့် ရခဲ့ပါသည်။ အံ့မခန်းသော ညီးလုံးညီညွတ်မှု အင်အား အဖြစ် သတ်မှတ်နိုင်သည့် လွှပ်ရှားမှုမျိုး လုံးဝမရှိခဲ့ဟု ကျွန်တော် အခိုင်အမာဆိုပါသည်။

၁၉၆၂-၃၄ခု၊ မတ်လ ၂-ရက်နေ့က ပြည်ထောင်စု ပါတီ (ပထစ) လက်မှ အစိုးရအာဏာကို ဓိလ်ချုပ် ကြီးနေဝင်း ဦးဆောင်ပြီး သိမ်းယူခဲ့ပါသည်။ ထိုနေ့ မှာပင် တပ်မတော် ထိပ်တန်း အရာရှိကြီးများဖြင့် တော်လှန်ရေးကောင်စီနှင့် တော်လှန်ရေး အစိုးရကို ဖွဲ့စည်းခဲ့ပါသည်။

မတ်လ ၅-ရက်နေ့မှစ၍ မော်တော်ကားတစ်စီးဖြင့် မြန်မာဆန်ပြည်လုံးသို့ စော်ကော်ကားစောင်း၍ရှိနိုင် သမျှ ကျွန်တော် ခရီးထွက်ခဲ့ပါသည်။ တိုင်းပြည် အခြေအနေနှင့် ပြည်သူတို့၏ တုံ့ပြန်ချက်ကို ကိုယ်တိုင် လေ့လာပြီးသတင်းဘဆာင်းပါးရေးရန် ဖြစ်ပါသည်။

ပထစ အစိုးရနှင့် ဖက်ဒရယ်မူအပေါ် မကျေမနပ် ဖြစ်နေသူများ၊ တိုင်းရင်းသား ဒည်းလုံးညီညွတ်ရေး ဝါးအစည်း မြေသလိုမြေမည်ကို စိုးရိမ်ကြောင့်ကြနေသူ များက တော်လှန်ရေးကောင်စီကို သောင်းသောင်း ဖြဖြ ကြိုဆို ထောက်ခံကြကြောင်း တွေ့ရပါသည်။ ထိုအကြောင်းကိုလည်း ကျွန်တော် မြင်တွေ့ ကြားသိ ခဲ့ရသမျှ အဝိုအလိုမရှိ တိုင်းပြည်သို့ ရေးသား တင်ပြ ခဲ့ပါသည်။

သောင်းသောင်းဖြဖြ ကြိုဆို ထောက် ခံ ကြသည် ဆိုသော်လည်း လူတန်းစား အလွှာတိုင်း၊ အသင်းအဖွဲ့ တိုင်း၊ ပါတီတိုင်း မဟုတ်ပါ။ ဖဆပလများကသာ ဆဲသဲလွှပ် ထောက်ခံကြခြင်းဖြစ်ပါသည်။

ထို့ကြောင့်

"ဓိလ်ချုပ်ကြီးနေဝင်းဦးဆောင်သော တပ်မတော် က အာဏာသိမ်းသည်ကို ဖဆပလများက သူတို့ပထွေး ပြန်လာတိသကဲ့သို့ အုပြုံးနေကြသည်" ဟု ပက်ပက် စက်စက် ကျွန်တော်ရေးခဲ့မိပါသည်။

"ခွေးကတက်မှာပဲ အိပ်ရအိပ်ရ၊ ထမင်းဆိုး ဟင်း ဆိုးထမ်းစမခဲ့ဖဲလိုက်ရလိုက်ရ" ဟု အင်မေးမရအရှက် ကင်းမဲ့စွာထောက်ခံပြီး အာဏာဝေစုခွဲခွဲ ကြိုးစား သူအားလုံး ရှိခဲ့သည်ကိုလည်း ကျွန်တော် မှတ်တမ်းတင် ခဲ့ဖူးပါသည်။

ကျွန်တော်ကြုံတွေ့ခဲ့ဖူးသည့် အုပ်ကြ လွှပ်ရှားမှုများ အားလုံးကို ထိုမျှလောက်အဘရှိပါသည်။

ယနေ့မူကား

လွှတ်လပ်ရေးအောင်း မြင်းတောင်းမကျန် မဟာ သူရဲကောင်း ကျောင်းသူ ကျောင်းသားများ၊ ရဟန်း သံဃာတော်များနှင့်ပြည်သူအပေါင်းတို့၏ တစ်ခဲနက် အုပ်ကြုံကြိုးကို ကျွန်တော်တို့ မျက်ဝါးထင်ထင်ဖြင့်တွေ့ လိုက်ကြရပါပြီ။ သုံးလေးနှစ်သား လူမမယ်မှရှစ်ဆယ် ကျော် ကိုးဆယ် သက်ကြီး ရွယ်အိုများအထိ ဖွဝ်ကျော ပြာဝူ ဆင်းရဲသားများမှ သန်းကြွယ်သူဌေးများအထိ ဓနရောနှင့်လစား အနိုင့်ဆုံးဝန်ထမ်းမှ အရွေးချယ်ခံ တန်းစားများအထိ၊ အယုတ်အလတ် အမြတ်မရွေးပြည် ထောင်စုအတွင်း ဒီတင်းနေထိုင်ကြသည့် လူမျိုးမရွေး၊ ဘာသာမရွေး တိုင်းရင်းသားအပေါင်းတို့ တစ်ခဲနက် သော အုပ်ကြုံကြိုးပင် ဖြစ်ပါသည်။

ကျွန်တော်မကြုံဖူးပါ။ မကြားဖူးပါ။ ကမ္ဘာတွင် လည်း ရှိခဲ့ဖူးအံ့မထင်ပါ။ ထို့ကြောင့် အထက်ဘစ်၊ အောက်နုရက် တုန်ဟည်းဘနုန်းသော မဟာ အုပ်ကြုံ ကြိုး သရုပ်ပေါ်အောင် ရေးသားဖော်ပြနိုင်စွမ်း မရှိ တော့ပါ။ သတင်းရေးတတ်သော ကျွန်တော့်လက်မှ ကလောင် အရှုပ်သိမ်းခံရသည်မှာ နှစ်ပေါင်းများစွာ ကြာဖြင့်ခဲ့ဖြီဖြစ်သဖြင့်လည်း ဝိ၍ မရေးတတ်အောင် ဖြစ်ရပါသည်။

နှလုံးသွေး ရဝ်မတတ် ရင်သပ်ရှုမောဖြစ်ကာ ဝမ်း သာမျက်ရည်များ တတွေတွေကျခြင်းဖြင့် နှစ်သိမ့်ရပါ တော့သည်။

ဖြည်လုံးကျွတ်အုပ်ကြုံကြိုးကို ဓာတ်ပုံဖြင့် မှတ်တမ်း တင်နိုင်ခဲ့လျှင် ကြိုးစားကြည့်ပါသည်။ သို့သော် ၂၆ နှစ် ကျော်ဆင်းစဉ် ကြောဆိုင်ခဲ့ရသော ဖြည်သူများ ကြား မှာ ကျွန်တော်တို့၏ကြိုးစားမှုသည် ထင်သလောက်မှန်း ခြေမကိုက်ခဲ့ပါ။

ကိုယ့်ဖြည်တွင်းမှာပင် တစ်ဖြွှဲနှင့်တစ်ဖြွှဲ၊ တစ်နယ် နှင့်တစ်နယ် အဆက်အသွယ်များ ပြတ်တောက် နေ သဖြင့် တစ်ဖြည်လုံး အနှံ့အပြားမှ အုပ်ကြုံမှု သတင်း များကိုလည်း ဖြည့်စုံစွာ ဖော်ပြနိုင်ခြင်းမရှိပါ။

မည်သို့ဆိုစေ၊ ဒီမိုကရေစီရေးအတွက် ဖြည်လုံးကျွတ် အုပ်ကြုံမှုကြိုးကို ဦးဆောင် ဓနံတီးနိုင်ခဲ့သော မဟာ သူရဲကောင်းကျောင်းသူကျောင်းသားများ၊ ရဟန်းသံ ဃာတော်များနှင့်ပြည်သူအပေါင်းတို့၏ ခြေတော်အစုံ ကိုကြည်ညိုမြတ်နိုးစွာကျွန်တော် ဦးခိုက်လိုက်ပါသည်။

ပြည်သူအပေါင်းတို့သည် ပါတီစုံ ဒီမိုကရေစီနိုင်ငံ ရေးစနစ်ကို ဆုတ်မနစ် တောင်းဆို တိုက်ပွဲဝင်နေကြ ဖြီး အသက်ပေါင်း များစွာကိုလည်း စတေးဖြီးပြီး သွေးချောင်းလည်းစီးခဲ့ဖြီး ပန်းတိုင်သို့မရောက်မချင်း နောက်ထပ်အသက်စွန့်ရန်ပါအသင့်ပြင်ဆင်ဖြီးကြဖြီး။

မဟာ သူရဲကောင်းပြည်သူ အပေါင်း ဒည်းလုံး ညီညွတ်ရေး၊ ဒည်းကပ်ဒေသဝပ်ရေး၊ ဒီမိုကရေစီ ပန်း တိုင်ကို မျက်ခြည်မပြတ်ရေး၊ အစဉ်အလာ ကြိုးမား သော ပြည်သူတပ်မတော်နှင့် နားလည်မှုမပျက်ရေး၊ လက်တွဲမဖြုတ်ရေး၊ အမျက်သမားရုန်စွယ်အနှံ့ထွယ် ပေါင်းစုံကိုသတိမလစ်တမ်း ပူးပေါင်းဟန့်တားရေး များသည် လတ်တလော ဦးလည်မည့် ထမ်းဆောင် ရမည့် တာဝန်သာဖြစ်ကြောင်း နှိုးဆော်လိုက်ရပါ သတည်း။

အထောက်တော်လှအောင်

THE NEWSMAGAZINE မဂ္ဂဇင်း

အယ်ဒီတာချုပ်
အထောက်တော်လှအောင်

ဒုတိယ အယ်ဒီတာချုပ်
တင်မောင်မြင့်

အုပ်ချုပ်မှုအယ်ဒီတာ
မြတ်ငြိမ်း

ပြည်ပရေးရာ
ဝင်းအောင်ကြိုး

သတင်း
တင်မောင်လတ် (အင်းဝိန်)

မန်းချို/ဒီဇိုင်း
ဖေညွန့်ဝေ
ထွန်းထွန်းဦး
မောင်မောင်ဦး

သုတေသန
ထင်လင်းထက်
ချိုချိုလွင်ဆွေ
တိုးတိုး
သီတာညိမ်း

အယ်ဒီတာလက်ထောက်
မောင်သစ္စာ

လုပ်ငန်းကြီးကြပ်
ကျော်လှိုင်

ဖြန့်ချိရေး
ဦးတင်

အုပ်ချုပ်ရေးမှူး
တင်ဝင်း

အထွေထွေအကြပေး
ကြေးမုံဦးသော်

ဥပဒေအကြပေး
ဦးကိုယု

ကာလာခွဲ
ခရေ

သတင်းမဂ္ဂဇင်းတိုက်
၈၆၊ ၃၈-လမ်း၊
ရန်ကုန်မြို့

မကြုံဖူးသော ဆန္ဒပြပွဲ

မြန်မာနိုင်ငံဒွာ၊ တိုင်းရင်းသား အပေါင်းတို့၏ တစ်ခဲနက် စည်းလုံးညီညွတ်သော အင်အားဖြင့် ကိုလိုနီနယ်ချဲ့အစိုးရကို တော်လှန်ကာ မြန်မာ့ ပြေပေါ်မှ ဖောင်းထုတ်သည်ပွဲနှင့် ကျွန်တော် ကြုံခဲ့ဖူးပါသည်။ သို့သော် အသက်အရွယ်ယေဒသးသဖြင့် ဒိုးတဝါးသာ ဖွတ်ဖပါသည်။

၁၉၄၅-ခုနှစ်၊ မတ်လ ၂၇ရက် ဖက်ဆစ်တော်လှန်ရေးကို အတောအတန် ဖွတ်ဖပါသည်။ တိုင်းရင်းသား အပေါင်းတို့၏ စည်းလုံးညီညွတ်သော အင်အားသည် အံ့မခန်းရှိခဲ့ပါသည်။

၁၉၄၅-၄၈ လွတ်လပ်ရေးတိုက်ပွဲများကို ဖူလုတန်း ဈေးသည်သား၊ ဘဝ၊ အလယ်တန်း ကျောင်းသား၊ ဘဝ ဖြင့် ကြေတွေ့ခဲ့ရပါသည်။ ကိုယ့်အဆင့်နှင့်ကိုယ် ပါဝင်ဆင်နွှဲခဲ့သဖြင့် ကောင်းစွာမှတ်ဖပါသည်။ တိုင်းရင်းသားအပေါင်းတို့၏ စည်းလုံးညီညွတ်သော အင်အားသည် အံ့မခန်း ရှိခဲ့ပါသည်။

လွတ်လပ်ရေးခေတ် လူထု လွှတ်ရှားမှုပေါင်းစုံကို သတင်းစာဆရာဘဝဖြင့် ရှေ့ဆုံးတန်းမှ ကြည့်ရှု၊ လေ့လာ၊ သုံးသပ်၊ မှတ်တမ်းတင်ခွင့် ရခဲ့ပါသည်။ အံ့မခန်းသော စည်းလုံးညီညွတ်မှု အင်အား အဖြစ် သတ်မှတ်နိုင်သည့် လွှတ်ရှားမှုမျိုး လုံးဝမရှိခဲ့တဲ့ ကျွန်တော် အခိုင်အမာဆိုပါသည်။

၁၉၆၂-ခုနှစ်၊ မတ်လ ၂-ရက်နေ့က ပြည်ထောင်စု ပါတီ (ပထစ) လက်မှ အစိုးရအာဏာကို ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်ပြီး သိမ်းယူခဲ့ပါသည်။ ထိုနေ့မှာပင် တပ်မတော် ထိပ်တန်း အရာရှိကြီးများဖြင့် တော်လှန်ရေးကောင်စီနှင့် တော်လှန်ရေး အစိုးရကို ဖွဲ့စည်းခဲ့ပါသည်။

မတ်လ ၅-ရက်နေ့မှစ၍ မော်တော်ကားတစ်စီးဖြင့် မြန်မာ့ဆန်ပြည်လုံးသို့ မော်တော်ကားဆောင်းချီခရီးထွက်ခဲ့ပါသည်။ တိုင်းပြည်အခြေအနေနှင့် ပြည်သူတို့၏ တုံ့ပြန်ချက်ကို ကိုယ်တိုင် လေ့လာပြီးသတင်းဆောင်းပါးရေးရန် ဖြစ်ပါသည်။

ပထစ အစိုးရနှင့် ဖက်ဒရယ်မူအပေါ် မကျေမနပ် ဖြစ်နေသူများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဝါးအစည်း ဖြေသလိုဖြေမည်ကို စိုးရိမ်ကြောင့်ကြနေသူများက တော်လှန်ရေးကောင်စီကို သောင်းသောင်း ဖြဖြ ကြိုဆို ထောက်ခံကြကြောင်း တွေ့ရပါသည်။ ထိုအကြောင်းကိုလည်း ကျွန်တော် မြင်တွေ့ ကြားသိခဲ့ရသမျှ အစိုအလိုမရှိ တိုင်းပြည်သို့ ရေးသား တင်ပြခဲ့ပါသည်။

သောင်းသောင်းဖြဖြ ကြိုဆို ထောက် ခံ ကြသည် ဆိုသော်လည်း လူတန်းစား အလွှာတိုင်း၊ အသင်းအဖွဲ့ တိုင်း၊ ပါတီတိုင်း မဟုတ်ပါ။ ဖဆပလများကသာ ဆဲသံလွှတ် ထောက်ခံကြခြင်းဖြစ်ပါသည်။

ထို့ကြောင့်

"ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော တပ်မတော်က အာဏာသိမ်းသည်ကို ဖဆပလများက သူတို့ပထွေး ဖြစ်လာဘိသကဲ့သို့ အုပြုံးနေကြသည်" ဟု ပက်ပက်စက်စက် ကျွန်တော်ရေးခဲ့ပါသည်။

"ဒွေးကတက်မှာပဲ အိပ်ရအိပ်ရ၊ ထမင်းအိုး ဟင်းအိုးထမ်းဘဝနဲ့ ပဲလိုက်ရလိုက်ရ" ဟု အင်မမရအရှက်ကင်းမဲ့စွာထောက်ခံဖြီး အာဏာဝင်စုခဲ့ဖို့ ကြိုးစားသူအားလုံး ရှိခဲ့သည်ကိုလည်း ကျွန်တော် မှတ်တမ်းတင်ခဲ့ဖူးပါသည်။

ကျွန်တော်ကြုံတွေ့ခဲ့ဖူးသည့် အုံကြွလှုပ်ရှားမှုများသည် ထိုမှလောက်သာရှိပါသည်။

ယခုမူကား

လွှတ်လပ်ရေးအောင်း မြင်းခြောင်းမကျွန် မဟာသူရဲကောင်း ကျောင်းသူ ကျောင်းသားများ၊ ရဟန်းသံဃာတော်များနှင့်ပြည်သူအပေါင်းတို့၏ တစ်ခဲနက် အုံကြွလှုပ်ရှားမှုကြီးကို ကျွန်တော်တို့ မျက်ဝါးထင်ထင်မြင်တွေ့လိုက်ကြရပါပြီ။ သုံးလေးနှစ်သား လူမမယ်မှရွှံဆယ်ကျော် ကိုးဆယ် သက်ကြီး ရွယ်အိုများအထိ ဒွပ်ကျောမြာစု ဆင်းရဲသားများမှ သန်းကြွယ်သူဌေးများအထိ နေ့စားနှင့်လစား အနိမ့်ဆုံးဝန်ထမ်းမှ အရာရှေးချယ်ခံတန်းစားများအထိ၊ အယုတ်အလတ် အမြတ်မရွေးပြည်ထောင်စုအတွင်း ဒီတင်းနေထိုင်ကြသည့် လူမျိုးမရွေး၊ ဘာသာမရွေး တိုင်းရင်းသားအပေါင်းတို့ တစ်ခဲနက်၊ သော အုံကြွလှုပ်ရှားပင် ဖြစ်ပါသည်။

ကျွန်တော်မကြုံဖူးပါ။ မကြားဖူးပါ။ ကမ္ဘာတွင်လည်း ရှိခဲ့ဖူးအုံမထင်ပါ။ ထို့ကြောင့် အထက်ဘဝ၌၊ အောက်နုရက် တုန်ဟည်းဘနုန်းသော မဟာ အုံကြွလှုပ်ရှားမှုကြီး သဂျပေါ်အောင် ရေးသားဖော်ပြနိုင်စွမ်းမရှိတော့ပါ။ သတင်းရေးတတ်သော ကျွန်တော့်လက်မှ ကလောင် အရှုပ်သိမ်းခံရသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သဖြင့်လည်း ဝိုး၍ မရေးတတ်အောင် ဖြစ်ရပါသည်။

နှလုံးသွေး ရုပ်မတတ် ရင်သပ်ရှုမောဖြစ်ကာ ဝမ်းသာမျက်ရည်များ တတွေတွေကျခြင်းဖြင့် နှစ်သိမ့်ရပါတော့သည်။

ဖြည်လုံးကျွတ်အုံကြွလှုပ်ရှားကြီးကို ဘတ်ပုံဖြင့် မှတ်တမ်းတင်နိုင်ခဲ့ကြီးစားကြည့်ပါသည်။ သို့သော် ၂၆ နှစ်ကျော်ကြာမြင့်ခဲ့ရသော ဖြည်သူများကြားမှာ ကျွန်တော်တို့၏ကြိုးစားမှုသည် ထင်သလောက်မှန်းခြေမကိုက်ခဲ့ပါ။

ကိုယ့်ပြည်တွင်းမှာပင် တစ်မြို့နှင့်တစ်မြို့၊ တစ်နယ်နှင့်တစ်နယ် အဆက်အသွယ်များ ဖြတ်တောက် နေသဖြင့် တစ်ပြည်လုံး အနှံ့အပြားမှ အုံကြွမှု သတင်းများကိုလည်း ပြည့်စုံစွာ ဖော်ပြနိုင်ခြင်းမရှိပါ။

မည်သို့ဆိုစေ၊ ဒီမိုကရေစီရေးအတွက် ပြည်လုံးကျွတ် အုံကြွမှုကြီးကို ဦးဆောင် ဖန်တီးခဲ့သော မဟာသူရဲကောင်းကျောင်းသူကျောင်းသားများ၊ ရဟန်းသံဃာတော်များနှင့်ပြည်သူအပေါင်းတို့၏ ခြေတော်အစုံကိုကြည်ညိုမြတ်နိုးစွာကျွန်တော် ဦးခိုက်လိုက်ပါသည်။

ပြည်သူအပေါင်းတို့သည် ပါတီစုံ ဒီမိုကရေစီ နိုင်ငံရေးစနစ်ကို မဆုတ်မနစ် တောင်းဆို တိုက်ပွဲဝင်နေကြပြီ။ အသက်ပေါင်း များစွာကိုလည်း စတေးပြီးပြီ။ သွေးချောင်းလည်းစီးခဲ့ပြီးပန်းတိုင်သို့မရောက်မချင်း နောက်ထပ်အသက်စွန့်ရန်ပါအသင့်ဖြင်ဆင်ပြီးကြပြီ။

မဟာ သူရဲကောင်းပြည်သူ အပေါင်း စည်းလုံးညီညွတ်ရေး၊ စည်းကမ်းသေဝပ်ရေး၊ ဒီမိုကရေစီ ပန်းတိုင်ကို မျက်ဖြည်မပြတ်ရေး၊ အစဉ်အလာ ကြီးမားသော ပြည်သူတပ်မတော်နှင့် နားလည်မှုမပျက်ရေး၊ လက်တွဲမဖြုတ်ရေး၊ အမျက်သမားရန်ဖွယ်အန္တရာယ် ပေါင်းစုံကိုသတိမလစ်တမ်း ပူးပေါင်းတန်တားရေးများသည် လတ်တလော ဦးလည်မသုံ ထမ်းဆောင်ရမည့် တာဝန်သာဖြစ်ကြောင်း ရှိုးဆော်လိုက်ရပါသတည်း။

အထောက်တော်လှအောင်



ဧရာမ ဆန္ဒပြလူထုကြီးက ရုန်ကုန်တိုင်း မြည်သွေ့ကောင်စီရုံးဝိုက်ရာ မြို့တော်ခန်းမရှေ့တွင် ဩဂုတ် ၈-ရက်နေ့က စုဝေးကြဖြီး...

လုပ်ငိုင်ခွင့်များကိုဖွင့်ပေးဖြီးမလိုလား အပ်သော ဗဟို ချုပ်ကိုင်မှု များကို ဖျက်သိမ်းရန်၊ သတင်းစာ၊ ကျာနယ် မဂ္ဂဇင်းများကို ပုဂ္ဂလိက ထုတ်ဝေခွင့် ပြုရန်၊ သတင်းမှန် များကို လွှတ်လပ်စွာ ရေးသားခွင့် ပြုရန်များ ကိုပါ မူချသည်။

ဥက္ကဋ္ဌသစ် ဦးစိန်လွင်

ဇူလိုင် ၂၆-ရက်နေ့တွင် ကျင်းပသည့် ဗဟိုကော်မီတီ၏ ဒသမအကြိမ် အစည်း အဝေးမှ ဦးစိန်လွင် အား ဥက္ကဋ္ဌ အဖြစ် တင်မြှောက် သည်။ ဦးစိန်လွင်က အ ရေးပေါ် ပါတီ ညီလာခံမှ ချမှတ်လိုက်သည့် ဧီးပွား ရေး ပြုပြင်ပြောင်းလဲမှုများကို အမြန် အကောင် အထည် ဖော်ရန်၊ လာဘ် စားမှု၊ လေလွင့်မှု၊ လုပ်ငန်းကြန့်ကြာမှု၊ အကျင့်ပျက်မှု များကို အကြောင်း အမျိုးမျိုးပြဖြီး ပြည်သူများ အပေါ် ပြိမှု ဆောင်ရွက်နေကြသဖြင့် အမြန် ဆုံး ပြင်ဆင် သွားရန် မိန့်ခွန်းပြော သည်။

သမ္မတ

ဇူလိုင် ၂၇-ရက်နေ့တွင် ကျင်းပသည့် စတုတ္ထအကြိမ် ပြည်သူ့ လွှတ်တော် အရေးပေါ် အစည်း အဝေး တွင် ဦးစိန်လွင် အား နိုင်ငံတော် ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ် တင်မြှောက်သည်။

ပြည်သူအယုံအကြည် ဂင်းခဲ့

ဩဂုတ်လ ၂ ရက်နေ့တွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးစိန် လွင်က ဗဟိုအာဏာပိုင် အဖွဲ့အစည်းဝင်များ အား အမှာစကားပြောသည့် အစည်း အဝေး ပြုလုပ်သည်။ တစ်ချို့ရုံး၊ တစ်ချို့ဌာနများတွင် အကျင့်ပျက်မှုအမြိုး မျိုးနှင့် လာဘ်စားမှု၊ လုပ်ငန်းများကို မကြာခဏ ကြန့်ကြာအောင် ဆောင် ရွက်မှု၊ အလေအလွင့်များနေမှု၊ မသမာ မှုများ ဆိုးဆိုးရွားရွား ဖြစ်နေသည်မှာ ပြည်သူများအတွင်း အတော် မုန့်နှံ့နေ ကြောင်း၊ ပြည် သူ လူထုက အယုံ အကြည် တင်အပ့်ဦးခဲ့မှုများ နှင့် ဆက်ဆံရမည်ကို အလွန်ကြောက် ရွံနေကြောင်းနှင့် ထိုအဖြစ်အပျက်များ ကို အမြန်ဆုံး ပြုပြင်ပြောင်းလဲကြရန် တိုက်တွန်း ပြောဆိုသည်။

တရားသူကြီးအဖွဲ့များ အနေဖြင့် လည်း အမှုများကို ဥပဒေနှင့်အညီ လွှတ်လွတ်လပ်လပ် စီ ရင် ရန် ကို ပါ ထည့်သွင်း မိန့်ကြား သွား သည်။

ကျောင်းသားနှင့်လူထု

ပါတီဥက္ကဋ္ဌဦးနေဝင်းတင် ပြဲခဲ့သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မပြုလုပ်ရန် ဇူလိုင် ၂၅ ရက် ပါတီ ညီလာခံမှ ဆုံးဖြတ် လိုက်ကတည်းက ကျောင်း သူကျောင်းသားများနှင့် ပြည်သူလူထုကြားတွင် မကျေနပ်မှုများ စတင်ဖြစ်ပေါ်ခဲ့သည်။

ဘုဒ္ဓဓနသိန်

ဩဂုတ်လ ၃ ရက်နေ့တွင် ကျောင်းသူ ကျောင်းသား အချို့နှင့် ပြည်သူ အချို့ပူးပေါင်းဖြီး ရန်ကုန်မြို့တွင်းရှိ လှည်းလည် ဆန္ဒပြပွဲများ ဖြစ်ပေါ် ခဲ့သည်။ ထိုရက်မတိုင်မီကတည်းက ကျောင်းသား များသည် ရှေတိဂုံဘုရား ရင်ပြင်တော် ပေါ်၌ တက် ရောက် စုဝေးဖြီး ဝါဒဖြန့် စာရွက်စာတန်းများ ဖြန့်ဝေခြင်း၊ တရား ဟောခြင်းများ ပြုလုပ်ခဲ့သည်။

စစ်အုပ်ချုပ်ရေးလာဖြီ

ထို့ကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ် အတွင်း စစ်အုပ်ချုပ်ရေး ဥပဒေကို ဩဂုတ်လ ၃-ရက်နေ့မှာပင် ထုတ်ပြန် ကြေညာလိုက်ဖြီး ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးညွှန့်အား စစ်အုပ်ချုပ်ရေး အာဏာ လွှဲအပ်သည်။

နာမည်ကျော် ၈-၀-၈၈ မှ ဖြည်လုံးကျွတ်ဆန္ဒပြပွဲသို့

ကျောင်းသား များက ဩဂုတ်လ ၈-ရက်နေ့တွင် ဆန္ဒပြပွဲကြီးပြုလုပ်ဖြီး ဖြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြုလုပ်ရန် ရက်ချိန်းပေးလိုက်သည်။

ကြိုတင် ရက်ချိန်း ပေးထားသည့် အတိုင်း ဩဂုတ်လ ၈-ရက် နေ့တွင် ရန်ကုန်မြို့တော် စစ်အုပ်ချုပ်ရေး နယ်မြေအတွင်း၌ ကျောင်းသား ကျောင်း သူများ၊ ရဟန်း သံဃာ များနှင့် ပြည်သူတို့၏ ဆန္ဒပြပွဲများ ဖြစ်ပွား သည်။ ပါတီစုံ ဒီမိုကရေစီစနစ် ပေး



ဩဂုတ် ၈-ရက်နေ့က ရက်နှာနဲးဖြင့် ဆန္ဒပြသူ ကျောင်းသားများ

ကြောင်း ဇော်မြ ထားသည် စတုတ္ထ အကြိမ် မြောက် ဂျီနီဗာ ညီလာခံ (၁၉၄၉)ပါ စည်းမျဉ်း များကို ဆောက်ပြပြီး နိုင်ငံတော် ကောင်စီသို့ ဖာန်ကွက်လွှာတင်သည်။

လမ်းဖိတ်

ဆန္ဒပြပွဲများမှာ ဩဂုတ် ၁၁ရက် နှင့် ၁၂ ရက်နေ့များတွင်ပါ ဆက်လက် ဖြစ်ပွားသည်။ လူထုက လုံခြုံရေး ဓာတ်ပုံဝင်တို့၏ မော်တော်ယာဉ်များ အလှူသဘော ရွှေ့လျား သွားလာ ခြင်း မပြုနိုင်စေရန် လမ်းများကို ရရာ ပစ္စည်းများဖြင့် ဖိတ်ဆို့ထားကြသည်။

မေတ္တာရပ်

နိုင်ငံတော် သံဃ့မဟာနာယက အဖွဲ့က တိုင်းသူပြည်သား ရဟန်းရှင်လူ များက တရားဥပဒေတောင်အတွင်းရှိ အေးချမ်းစွာ နေကြလိုက် မိမိတို့၏ တရားမျှတသော လိုလားချက်များကို တရားဥပဒေတောင် အတွင်း မှာပင် သိမ်မွေ့နူးညံ့စွာ နိုင်ငံတော်အစိုးရသို့ တင်ပြသင့်ကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း တရားဥပဒေနှင့်အညီ အုပ်ချုပ်လိုက် တိုင်းသူ ပြည်သား ရဟန်း ရှင်လူများ ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက် ကြရ မည့် တာဝန်အရ ဆောင်ရွက် ကြ သည်ကို ဆရာတော်ကြီးများက နား လည် သဘော ပေါက်ကြ ကြောင်း၊



ဗိုလ်ချုပ်လမ်း ဖြည့်သူ့မုန့်တိုက်အနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကင်းလှည့်စဉ်

ယင်းကဲ့သို့ ဆောင်ရွက်ကြရာ၌ မင်း ကွင်းတရား ဆယ်ပါးနှင့် အညီ လိုက် နာ ကျင့်သုံးကြရန်နှင့် တိုင်းသူ ပြည် သား ရဟန်း ရှင်လူ များကလည်း မိမိတို့၏လိုလားချက်များကို ချက်ချင်း လက်ငင်းမရနိုင်ကောင်းလောဟု ဆန္ဒ မစောကြဘဲ တရား ဥပဒေတောင် အတွင်း၌ ငြိမ်းချမ်း ကြည်သာ စွာ နေထိုင်ကြလျက် တရားဥပဒေနှင့်အညီ သိမ်မွေ့နူးညံ့စွာ တင်ပြ တောင်းဆို ကြရန် မေတ္တာရပ်ခံသည်။

နိုင်ငံတော် အစိုးရကလည်း တိုင်း သူပြည်သား တို့၏ တရားဥပဒေနှင့် ညီသော ထိုလားချက်များကို ဖြည့်ဆည်း သမျှ လိုက်လျော ပေးစေ လိုကြောင်း အထူးမေတ္တာရပ်ခံသည်။

နုတ်ထွက်

ဩဂုတ်လ ၁၂-ရက် နေ့ တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌ ဦးစိန်လွင်က ဥက္ကဋ္ဌ တာဝန်နှင့် ဗဟို ကော်မီတီဝင်တာဝန်မှ လည်းကောင်း နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ တာဝန်နှင့် နိုင်ငံတော် သမ္မတ တာဝန်မှ လည်း ကောင်း၊ မော်လမြိုင် မြို့နယ် မဲဆန္ဒ နယ် အမှတ် (၁) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း နုတ်ထွက်လျှာ တင်သွင်းသည်။

ဗဟိုကော်မတီ (၁၁) ကြိမ်မြောက် အစည်း အဝေးကို ၁၉-ရက် နေ့ နံက် (၀၈၃၀) နာ ရီ တွင် လည်း ကောင်း၊ ပြည်သူ့လွှတ်တော် အရေး ပေါ် အစည်းအဝေးကို ထိုနေ့နံက် ၁၀ နာရီတွင် လည်းကောင်း ကျင်းပ ရန် ခေါ်ယူကြောင်း ကြေညာသည်။

ဧလျာဝါး

ထိုရက်မစ္ဆရိယ လှပ်ရှားမှုများ သိသိ သာသာကြီး လျော့ ပါး သွား သည်။ ရန်ကုန်တိုင်း မြို့နယ်အတော်များများ တွင် ပုံမှန်အနေအထားသို့ ပြန်လည် ရောက်ရှိလာသည်ကို တွေ့ရသည်။

လူ့

ကုန်ကုန် ဆေးရုံကြီး ဝင်းအတွင်း၌



၁၅ ရက်နေ့မှစပြီး လုပ်ကာ နေ့စဉ် ဒီမိုကရေစီ တောင်းဆိုသည့် တရားပွဲများကျင်းပသည်။ ဆရာဝန်၊ ဆရာမများ၊ စာပေပညာရှင်များနှင့် အနုပညာရှင်များက အလှည့်နှင့် တက်ဟောနေကြသည်။

ဘားလမ်း

အလားတူပင် ဘားလမ်းအထက်လမ်းတွင်လည်း စာပေပညာရှင်နှင့် အနုပညာသည်များအဖွဲ့က ဒီမိုကရေစီ တောင်းဆိုသည့် တရားပွဲများကို နေ့စဉ်ကျင်းပသည်။

သံလွန်ရွာ

ကုန်သည်လမ်းရှိ အမရိကန်သံလွန်ရွာတွင်လည်း ကျောင်းသား ကျောင်းသား သား၊ ရဟန်းသံဃာတော်များ၊ အလုပ်သမားများ၊ ဝန်ထမ်းများ၊ ရန်ကုန်ရွာ နေအသင်းဝင်များက တရားပွဲများ အဆက်မပြတ် ကျင်းပကာ ကြားဖြတ် အိမ်စောင့်အစိုးရ ဖွဲ့စည်း ပေးရေး၊ ပါတီစုံ ဒီမိုကရေစီစနစ် အကောင်အထည် ဖော်ရေးများကို တောင်းဆိုကြသည်။ လူထုလှုပ်ရှားမှုအား လုံးအကြမ်းဖက်မှု လုံးဝမရှိဘဲ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်နေသည်။

ရုံးဝင်ပိတ်

အုပ်ချုပ်ရေး မဲ့ပိုင်မှာတော့သည် မြို့နယ်အချို့တွင် ရုံးဝင်ပိတ်မှုများ ဖြစ်ပွားလာသည်။ ရပ်ကွက်လူထုများက မိမိတို့ရပ်ကွက်အလိုက်၊ လမ်းအလိုက် ကော်မတီများဖွဲ့ကာ ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းလျက်နေကြသည်။

နယ်မြို့များ

မုံရွာမြို့နှင့် မန္တလေးမြို့များတွင်မူ လူထုက ဆန္ဒပြခဲ့ဆဲဖြစ်သည်။ မုံရွာမြို့တွင် မန္တလေးမြို့ကဲ့သို့ လူထုသိန်းချီ ဆန္ဒပြခဲ့ကြပြီး တောင်ဘုရားကြီး၊ မြောက်ဘုရားကြီး၊ နာရီစင်နှင့် လသာတိုတို့က်အတွင်း၌ သပိတ်စခန်းများ ဖွင့်လှစ်ထားရှိခဲ့သည်။

အခြား နယ်မြို့အချို့တို့တွင်လည်း ကြီးကြားကြီးကြား ဆန္ဒပြမှုများ ရှိမြဲရှိနေသေးသည်။

တောင်းဆို

ဗဟိုတရားရုံးရှေ့နေများကောင်စီနှင့် ရှေ့နေကြီးများ၊ ရန်ကုန်ရှေ့နေအသင်း၊ စာပေနှင့် အနုပညာသည်များတို့က ဆန္ဒဖြိုခွဲ လက်မှတ် ရေးထိုးပြီး နိုင်ငံတော်ကောင်စီသို့စာရေး တင်ပြကာ ပစ်ခတ် သတ်ဖြတ်ခြင်း မပြုရေး၊ ဖမ်းထား သူများ ပြန်လွှတ်ပေးရေး၊ ပြည်သူ့ဆန္ဒ ခံယူရေးများကို တောင်းဆိုသည်။

နောက်ဥက္ကဋ္ဌသစ်

၁၉-ရက်နေ့နံနက်ကျင်းပသည့်ဗဟို ကော်မတီ အစည်းအဝေးက ဒေါက်တာ မောင်မောင်အား ပါတီ ဥက္ကဋ္ဌသစ် အဖြစ် ရွေးကောက်တင်မြှောက်သည်။

ဗဟိုဌာနများ

ဥက္ကဋ္ဌသစ် ဒေါက်တာ မောင်မောင်က ဒီးပွားရေး၊ နိုင်ငံခြားများကို အခြေခံကာ ပြင်ဆင်ပျောင်းသင့်တာတွေကို ပြည်သူသို့ တင်ပြဖို့လုပ်နေဆဲကိစ္စ နိုင်ငံတွင် မဲဥမ်းမသက်တော့ဖြစ်၊ အရေးအခင်းတွေ ပေါ်ကာ နောက်ဆုံးမှာ အင်မတန် ပြင်းထန်သည့် မုန်တိုင်း ပမာဏအထိ တိုက်ခတ်လာသည်ကို အားလုံး ခံခဲ့ကြရကြောင်း၊ ဒေါသမီးကို တရား ရေအားနှင့် ငြိမ်းသတ်နိုင်ကြောင်း၊ မေတ္တာ၊ သစ္စာတရားကို မြဲမြံစွာ ထားပြီး ပြည်သူ့ အကျိုးပြုလုပ်ငန်းများ လုပ်ဆောင် ကြရန်နှင့် ပြည်သူတို့၏ဆန္ဒကို အစွမ်းကုန် ဖြည့်ဆည်းပေးနိုင်ဖို့ အစွမ်းကုန် လုပ်ကြရမည် ဖြစ်ကြောင်း မိန့်ခွန်း ပြောကြားသည်။

အမှန်လေ့လာ

ပါတီ အထွေထွေ အတွင်းရေးမှူး နိုင်ငံတော် ကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဦးအေးကိုကလည်း လောလောဆယ် ပေါ်ပေါက်နေသည့် အရေး အခင်းများနှင့်ပတ်သက်၍ ပကတိဖြစ်ရပ်များနှင့် အခြေအနေအပေါ် အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း အခြေအနေ အရပ်ရပ်ကို အဘက် ဘက်မှ လေ့လာဖို့ လိုကြောင်း၊ လောလောဆယ် ပေါ်ပေါက် နေသည့်အရေး အခင်း များ၏ အခြေခံ အကြောင်းရင်းသည် ဒီးပွားရေး မပြေလည်မှုနှင့် လက်ရှိ နိုင်ငံရေး၊ စည်းရုံးရေး များ အပေါ် မကျေလည်မှုတို့ ဖြစ်ကြောင်း၊ အရေးပေါ် ပါတီညီလာခံက ချမှတ်ခဲ့သည့် ဒီးပွားရေး မူဝါဒအသစ်များ



ကို အမှန်သုံး အကောင်အထည်ဖော်ရာမည်ဖြစ်ကြောင်း။

လွန်ခဲ့

အရေးပေါ် ပါတီညီလာခံ မတိုင်မီက မဟိုချုပ်ကိုင်မှု လွန်ခဲ့ သည်ခြင့် ဒီသွားရေးလုပ်ငန်းများတွင် ရည်မှန်းချက်အတိုင်း မဆောင်ရွက်ခဲ့ နိုင်သည်များကို သင်ခန်းစာ ယူရမည် ဖြစ်ကြောင်း၊ နိုင်ငံရေး ပိုင်းတွင် ရပ်ရွာအကျိုးပြည်သူ့အကျိုး အမှန်တကယ် ဆောင်ရွက် နိုင်သည့် ပုဂ္ဂိုလ် များကို ဖါထိုင် မဟုတ်စေကာမူ အောက်ခြေမှ မဟိုအဆင့် အထိ ပြည်သူတို့ လွတ်လွတ်သပ်သပ် ရွေးကောက်တင် မြှောက် သည်ကို ခွင့်ပြု နိုင်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

လွတ်ဇင်ဒုဗ်

သတင်းစာ၊ ကာနယ်၊ မဂ္ဂဇင်းလုပ်ငန်းအများအပြားကို သမဝါယမနှင့် ပုဂ္ဂလိကများကိုလစ်ဝိုင်ခွင့် ပေးမည် ဖြစ်ကြောင်း၊ ထိုသို့ပေးခြင်းအားဖြင့် ပြည်သူတို့၏ ထင်မြင်ချက်နှင့် ဆန္ဒကို ဖော်ထုတ်ပေးနိုင်မှု၊ လုပ်ငန်းနယ်ပယ် အသီးသီးနှင့် ပွင့်လင်းပြည်ရွာ အနှံ့

အပြားမှာ ဖြစ်ပေါ်နေသော အခြေအနေ၊ သတင်းမှန်များကိုတင်ပြနိုင်မှု၊ လူ့အပွဲအစည်းကို အကျိုး မဖြစ်စေသော ဖြစ်ရပ်များ၊ အ နိ ဋ္ဌာ ရုံများ ထို ဖော် ထုတ် ပေး နိုင် မည် ဖြစ်ကြောင်း၊ ထိုသို့ တဖယ်တဖယ် ပြန်ပြန် အခွင့်အရေး ရရှိလာသည့် အတွက် နိုင်ငံသားအခွင့်အရေးများ ကျွင်းသုံးနိုင်မှု၊ နိုင်ငံသားများ၏အကျိုး တာ ကွယ်စောင့်ရှောက်မှု အခြေအနေများ ပိုမို ကောင်းမွန်လာမှာ ဖြစ်ကြောင်း နိုင်ငံတော်နှင့် ပြည်သူ အချင်းချင်း စည်းစည်းလုံးလုံး ညီညီ ညွတ်ညွတ်နှင့် အခြေအနေကောင်းများတိုးတက် ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း မိန့်ကြားသွားသည်။

ကော်မရှင်

ထိုနေ့မှာပင် ပြည်သူ့တရားသူကြီး အဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ဆိန်း ဥက္ကဋ္ဌ အဖြစ် မဂ်ဝင်သော အဖွဲ့ဝင် ဆယ်ဦး မှ ပြည်သူ့ဆန္ဒလေ့လာ စုံစမ်းရေး ကော်မရှင်ကို ဖွဲ့စည်းသည်။

ကျယ်ကျယ်ပြန့်ပြန့်

ကော်မရှင်၏ စာဝင်နှင့် ယုဝိုင် ဥင်းများမှာ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ ပြည်သူ့ရေးဆွေးနွေးခဲ့သည့်အခါ အခြေအနေ အရပ်ရပ် နှင့် စပ်လျဉ်း၍ ပြည်သူတို့၏သဘောထားအစစ်အမှန်ကို ကျယ်ကျယ် ပြန့်ပြန့် လေ့လာ စုံစမ်းရန် ဖြစ်သည်။ လေ့လာ စုံစမ်းမှုများကို စက်တင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးထား ပြီး ဆောင်ရွက်ခုန်နှင့် အောက် တို့ဘာလအတွင်း ကျွေးပမည် ပြည်သူ့ လွှတ်တော် အစည်းအဝေးသို့ တင်ပြ ရန် ဖြစ်သည်။

လွှတ်

ထိုရက်များအတွင်း ရန်ကုန်ပြိတ္တာ အခြေအနေ အရပ်ရပ် အေးချမ်းနေသည်ဟု ဆိုနိုင်သည်။ အရေးအခင်း အတွင်း ထိန်းသိမ်း ထား သူများကို သက်ဆိုင်ရာက နေ့စဉ် အသုတ်လိုက် ဆက်လွှတ်ပေးနေသည်။ သက်ဆိုင်ရာ အုပ်ထိန်းသူများ၏လက်သို့ အပ်ကာ တာဝန်ရှိသူများက ဆုံးမစကားပြော ပြီး အိမ်တိုင်ရာရောက် ပြန်ပို့မေးသည်။

အရေးမယူ

ဩဂုတ် ၂၂ ရက်နေ့တွင် ပြည်သူတို့၏ ဆန္ဒသဘောထားများကို လွှတ်လပ်ပွင့်လင်းစွာ တင်ပြ နိုင်ကြောင်း၊ ထိုသို့တင်ပြခြင်းနှင့် စပ်လျဉ်း၍ အဲ့ အစည်းကို ဖြစ်စေ၊ မဟိုလ်တစ်ဦးခြင်း ကိုဖြစ်စေ နိုင်ငံတော်က တစ်စုံတစ်ရာ အရေးယူခြင်း မရှိစေရဟု အာဏာပိုင်များ ၂၄ ရက်နေ့ နံက်ခင် အာရှိခွဲမှုခွင့် ဦးဝင်းစာရလမ်းရှိ အင် ဒျ ဝိန်း ခန်း မတွင်



ဖွင့်လှစ်ထားမည် ဖြစ်ကြောင်း ပြည်နယ်နှင့် တိုင်းများသို့လည်း အဖွဲ့ငယ်များ သွားရောက်လေ့လာစုံစမ်းမည် ဖြစ်ကြောင်း ကြေညာသည်။

ကြီးကျယ်

ထို့နေ့ မှာပင် ရန်ကုန် ရှေပါဒွဲ လွှတ်ရှားမှုများ ပိုမို ကြီးထွား လာသည်။ ကျောင်းသူ ကျောင်းသားများ သာမကတော့ပဲ အစိုးရရုံးများ၊ စက်ရုံ အလုပ်ရုံများပါ ဒီတန်း လှည့်လည်ပိတ်ပစ်များ၌ ပါဝင်လာသည်။

ဆိုင်းဘုတ်

သို့သော်လည်း ဆန္ဒပြမှုများ အားလုံးမှာ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်သည်။ ရန်ကုန်မြို့လယ်ရှိ လမ်းများတွင် 'ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများအားအကြမ်းဖက် ပစ်ခတ်ခြင်းမပြုပါနှင့်' ဟူသော ဆိုင်းဘုတ်များ ပလုပ်ကြောင် ပေါ်ထွက်လာသည်ကိုတွေ့ရသည်။ မြို့လယ်မှ တစ်ဆင့် မြို့ပြင် ရပ်ကွက်များသို့ပါ အလားတူ ဆိုင်းဘုတ်များ ပြန့်ပွားသွားသည်။

တောင်းဆိုချက်

ဆန္ဒပြ ကျောင်းသူ ကျောင်း သားများ၊ ရဟန်းသံဃာများနှင့် ဝန်ထမ်းများ၊ အလုပ်သမားများတ ကြားတြိတ် အိမ်စောင့် အစိုးရ ဒဲ့စည်း ပေးရေး၊ ပါတီစုံ ဒီမိုကရေစီ အဖွင့်အရေးပေးရေး၊ ဖမ်းဆီးထားသူအားလုံး လွှတ်ပေးရေး၊ အကြမ်းဖက် ခိမ်နင်း ခြင်း မပြုရေးများကို တောင်းဆို လာသည်။

နေထုတကာ

'ဒီမိုကရေစီရေး အတွက် ငြိမ်းချမ်း စွာဆန္ဒပြနေသူများကိုကြိုဆိုထောက်ခံပါသည်' ဆိုသော ဆိုင်းဘုတ် များ ရပ်ကွက် တိုင်း လမ်းတိုင်း လိုလို မှာ ပေါ်ထွက်လာသည်။

စဟာပြော

ရန်ကုန်ဆေးရုံကြီးဝင်း၊ ဘားလမ်း နှင့် အမေရိကန် သံရုံးရှေ့ တို့တွင် တရားပွဲများ ဆက်လက် ပြုလုပ်နေသည်။ ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ်များ၊ ရပ်ကွက် များကလည်း တရားပွဲများ ပြုလုပ်သည်။ စာရေး ဆရာများ၊ ကဗျာဆရာ၊ ကာတွန်းဆရာ၊ မန်းချီ ဆရာများ၊ ရုပ်ရှင် မင်းသား မင်းသမီးများ၊ အဆိုတော် များကို ဒိတ်ကြားကာ ဟောပြော ဒိုင်းသည်။ လူကြိုက် များသော ဟောပြော သူအချို့မှာ ရပ်ကွက်ပေါင်းစုံသို့ လက် မလည်အောင် လိုက်လံ ဟောပြော ပေးနေရသည်။

အားလုံး၏ တောင်းဆို ချက်မှာ ပါတီစုံဒီမိုကရေစီစနစ်ပေးရေး၊ ကြားဖြတ် အိမ်စောင့်အစိုးရ ဒဲ့စည်းပေးရေး၊ တရားမှုတည်း လွှတ်လပ်သော

အထွေထွေ ရွေးကောက်ပွဲကြီး အမြန်ဆုံး ပြုလုပ်ပေးရေးတို့သာ ဖြစ်သည်။

အဲဒဲ့များ

၂၄-ရက် နံနက်တွင် ဆန္ဒပြသူ ပိုဒိုများပြားလာသည်။ ရွှေလယ် လမ်းများပေါ်တွင် စစ်ကြောင်းကြီးများဝဲ့ဲ့ဲ့

ဆိုင်းဘုတ်များတန်းပြီး လူရာဝင်ဆိုကြရာ

သည် ပြည်ထောင်စုအလံကို စောက်ထိုး လွှင့် ကာ ဟွန်း များ၊ ခေါင်းလောင်းများကို မပြတ်တီးပြီး လမ်းများပေါ်တွင် ပျော်မြူး စွာ ဥဒဟို မောင်းနှင် သွားလာနေကြသည်။

စောစောဖြန်

ထိုနေ့ည၀ိုင်းတွင် နိုင် ငံ တော် ကောင်စီဥက္ကဋ္ဌ ဗေါက် တာ မောင်မောင်က တိုင်း ပြည် သို့ အသံလွှင့် မိန့်ကြားမည်ဟု ဖြန့်မှုအသံမှကြိတင် ကြေညာထားသဖြင့် ပြည်သူအားလုံး က မိန့်ခွန်းကိုစောင့်မျော်နေကြသည်။ လမ်းပေါ်မှာ လှုပ်ရှား သွားလာနေကြသည့် လူထုကြီးသည် စောစီးစွာ ဗင် မိမိတို့၏နေအိမ်များသို့ ပြန်လည် ထွက် ခွာ သွား ကြ သည်။ ညဦးပိုင်း ကတည်းက ရန်ကုန်လမ်း များ ပေါ် တွင် ယာဉ်အသွားအလာနှင့် လူ အသွားအလာ ရှင်းလင်းနေခဲ့သည်။

အရေးပေါ် ပါတီမဟိုကော်မတီ အစည်းအဝေးကို စက် တင် တာ လ ၁၂ ရက်နေ့တွင်လည်းကောင်း၊ အရေးပေါ် ပြည်သူ့လွှတ်တော် အစည်းအဝေး ကို ၁၃ ရက်နေ့တွင် ထည်းတောင်း ရန်ကုန်မြို့ရွှေ ကွင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

သံယောဇဉ်

နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဗေါက်တာ မောင်မောင်က ရေဒီယိုနှင့်ရုပ်မြင်သံကြားမှ တစ် ဆင့် တိုင်း ပြည် သို့ မိန့်ခွန်းပြောကြားရာတွင် ပါတီခုံစနစ်ပြဿနာကို ပါတီဥက္ကဋ္ဌကြီးဦးနေဝင်းတ ဖွင့်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ သို့သော်လည်း ပါတီဝင်များက မိမိတို့ပါတီကို သံယောဇဉ်ဖြစ် တွယ်တာနေသည်က တစ်ကြောင်း၊ စီးပွားရေးပြဿနာပြောင်းလဲမှုများ ပြလုပ်တော့မှာ တစ်ကြောင်းတို့ကြောင့် ပါတီခုံစနစ်ကို ဖြုတ်ဆန့်ခဲ့ခြင်းဖြစ်ကြောင်း၊

ပြည်သူများ၏ ဆန္ဒကို ခံယူရာတွင် ပါဝင်ခဲ့ စနစ်ကို ကြိုက်နှစ်သက်သည် ဆိုပါက ပြည်သူ့ လွှတ်တော် အဖြစ် ခေါ်ပြီး အခြေခံ ဥပဒေကို လိုအပ် သလို ပြင်ဆင်ပေးမည် ဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲများ ကျင်းပပြီးနောက် အဖွဲ့အစည်းများ ထွက်လာသည် အထိ မိမိတို့က အစိုးရ အာဏာကို ထိန်းသိမ်း ပေးထားမည် ဖြစ်ကြောင်း၊

လောလောဆယ်သည်ပြည်သူများ ကိုယ်တိုင် မိမိတို့၏ မျှော်လင့်ရာများ ပြီးမြောက် ရေးကို ထိန်းသိမ်းပေး ထား စေလိုကြောင်း မိန့်ကြား သွား သည်။

သဘင်းဒေဖတ်ဂ်

နောက်နေ့ ဖြစ်သော ဩဂုတ်လ ၂၅–ရက် နေ့တွင် သတင်း စာတိုက် ပေါင်းစုံ ဝန်ထမ်းထုက ဆန္ဒပြသဖြင့် တိုင်းပြည်မှာ ရှိသော သတင်းစာ ခြောက်စောင်စလုံး ထုတ်ဝေနိုင်ခြင်း လုံး၀မရှိတော့ချေ။

သတင်းစာတိုက် ပေါင်းစုံ ပူးတွဲ ညှိနှိုင်းရေး ယာယီ ကော်မတီ ဒုံကာ ည ၀–နာရီတွင်အောက်ပါ တောင်းဆိုချက်များကို တင်ပြလိုက်သည်။

စတောင်းဆိုချက်

နိုင်ငံရေးနှင့်ပတ်သက်ပြီး ပြည်သူတို့၏ ဒီမိုကရေစီရေးကြိုးပမ်းလှုပ်ရှားမှုကို ကြိုဆိုထောက်ခံသည်။ အဝန်းခံ ကျောင်းသားများနှင့် ပြည် သူ များအား လွှတ်ပေးရေး၊ ကျောင်းသား ပြည်သူများအားပြန်လွှတ်ပေးရေးနှင့် အထွေထွေလွှတ်ငြိမ်းချမ်းသာရွှင်ပေးရေးကို တောင်းဆိုသည်။ သေဆုံးခဲ့သော ကျောင်းသား ပြည်သူများ၏ စာရင်းကို သတင်းစာမှ တိကျမှန်ကန်စွာ ဖော်ပြပေးရန် တောင်းဆိုသည်။

အလိမ်တွေ

သတင်းစာ လွှတ်လပ်ခွင့်နှင့် ပတ်သက်၍ ပြည် သူ့ ထု လှုပ်ရှား မှု သတင်းများကို ဘက်မလိုက်ဘဲ တိကျ မှန်ကန်စွာ တိုက်အလိုက် ကိုယ်ပိုင် ရေးသားဖော်ပြခွင့်ရှိရန်၊ ပြည်သူ့လှုပ်ရှားမှုကို ဆန့်ကျင်သော ခေါင်းကြီး၊ [illegible] ကာတွန်းများကို တိုက်အလိုက် အယ်ဒီတာအဖွဲ့နှင့် အလုပ်သမားထုက သဘော မတူပါက ထည့်သွင်းဖော်ပြခြင်းမပြုဘဲနေရန်၊ သို့မဟုတ် တည်းဖြတ်ပြီးမှ ထည့်ရန်၊ နိုင်ငံတော်နှင့် ပြည်သူကို ဆန့်ကျင်သော ခေါင်းကြီး၊ သ တင်း လိမ်၊ သ တင်း မှား၊ ဆောင်း ပါး လိမ်၊ ဆောင်းပါးမှားများ ရေးသား ထည့်သွင်းခွင့်သည် တာဝန်ရှိသူ ကြီးယေမဟူတို့အားလုံးတွက်ချက်ကြောင်းနှင့်တာဝန်ရှိသူများကို ဖော်ထုတ်အရေးယူပေးရန် တောင်းဆိုသည်။

ဆုံးဖြတ်

ဩဂုတ် ၂၅ မှ ၂၇ ရက်နေ့အထိ သုံးရက် သတင်းစာများ မထုတ်ဝဘဲ ဆန္ဒပြရန်၊ တောင်း ဆို ချက် များ ကို စက်တင်ဘာ ၅ ရက် နောက်ဆုံးထား၍ လိုက်လျောရန်၊ ဆ န္ဒ ပြ ဝန်ထမ်းများကို အရေးယူ အပြစ်ပေးခြင်းမပြုရန်တို့ကို ဆုံးဖြတ်သည်။

အသံလွှင့်

ထိုသို့ သ တင်း စာများ သဝိတ် မှောက်လိုက်သဖြင့် ဦးငံတော်ကောင်စီ ဥက္ကဋ္ဌ ဗေါက်တာ မောင်မောင်အား တိုင်းပြည်သို့ မိန့်ကြားချက်ကို ဖြန့်မှုအသံမှသာ ယနေ့အထိ ၁၁ ကြိမ်တိတိ ထပ်ခါတလဲလဲ အသံလွှင့်ပေးရသည်။

ဖြန့်မှုအသံပုံမှန်

မြန်မာ့အသံ ဝန်ထမ်းအချို့က လည်း သတင်းများများကို မကြာသာ နိုင်တော့ကြောင်း စုပေါင်းလက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာသို့ စာတင်သည်။ အသံလွှင့်မှုကား ရပ်ဆိုင်းခြင်း မရှိဘဲ ပုံမှန်လွှင့်ထုတ်နိုင်လျက်ရှိသည်။

လွတ်သူတွေ

ထိုနေ့မှာပင် ဇူလိုင် ၂၉ ရက်နေ့က ထိန်းသိမ်းပြီး ရုံးတင်တရားစွဲရန် စီစဉ်ခြင်း ခံ ခဲ့ ရ သော ဗိုလ် မှူး ချုပ်



ဆိုင်းဘုတ်ကိုင်ထလိုခြင့်ရေးအတွက် လောက်ဝေလုံးဈေးဝယ်ထွ

သူရဲကောင်းဒဂုံ၏ ရုပ်ကုန်အေးနှင့်ကြေးဝင်းအတွင်းဟောပြောပွဲတက်သူများ



ရေဘွားထွင်းတွင်ထွင်းခဲ့သော ဦးအောင်ကြီး၏ ဒီဇိုင်းရေစီးဟောပြောပွဲတက်သူများ

ဦးအောင်ကြီး ။ ဖြည့်သူ ဦးကြ

စောင်း အောင်ကြီးနှင့် ဓိလိမ္မကြီးဟောင်း ကြည်ဟန်၊ ဂါဒီယန် ဦးစိန်ဝင်း၊ ဓိလိမ္မကြီးဟောင်း ဘရွှေ၊ ဓိလိမ္မကြီးဟောင်း ခင်ညို၊ ဓိလိမ္မ ကြီးဟောင်းကြည်မောင်၊ ဓိလိမ္မဟောင်း ထွန်းရွှေ၊ ဓိလိမ္မကြီးဟောင်းချင်ကို ကို ဦးအောင်မြင့်၊ ဦးဇော်ဝင်းတို့ကို ပြန်လွှတ်ပေးသည်။

ဓိလိမ္မချုပ်ဟောင်း အောင်ကြီးသည် ထိုနေ့ည နေ ၄ နာရီခွဲ မှာပင် သူ့နေအိမ်အနီး ပဒုမ္မာ ကွင်းတွင် ဟောပြောပွဲ ဖစ်ရပ် ကွင်းပသည်။ လူထုကွင်းလှုံပြီး အနီးတစ်ဝိုက်လမ်းများ၊ ရပဲဘွဲကများပါ ပြည့်ကျပ်သွားသည်၊ တစ်ဆိန်း ကျော်မည်ဟု ခန့်မှန်းကြသည်။

လွှတ်လွှတ်ချင်း

ကည်ကာ အဓိပ္ပါ ဝတ်ဆင် ထားသော ဦးအောင်ကြီးက ယနေ့နေ့လယ်စာမှ ထောင်က လွှတ်လာ သဖြင့် အပြင်တွင် ဘာထွေ ဖြစ်နေသည်ကို တိတိကျကျ မသိရသေးကြောင်း၊ ကြားခွဲတိ အိမ်ဆောင့်အစိုးရ ဖဲ့ဖေးရေးနှင့် ဓါတိစုံ ဒီဇိုင်းရေစီ အသွင့်အရေးပေးခန့် ထောင်းဆိုကြောင်း၊ တပ်နှင့် ဆိုည်သူ နားလည်မှုရှိရှိ ထိုကြောင်း၊ ဆိုည်သူလူထုဘက်က စိတ်ဝမ်းမတွဲဘဲ စည်းကမ်းရှိရှိ ညီညီညွတ်ညွတ် ရှိရှိ ထိုကြောင်းများကို အကျယ်တဝင့် မိန့်ခွန်းပြောကြားသွားသည်။

ဓိလိမ္မနှင့်အောင်လည်းခြေ

ရဲဘော်သုံးကျိပ်ဝင်ဓိလိမ္မများအောင် ကလည်း မိန့်ခွန်းပြောသည်။ အခမ်းအနား တွင် ဒီဇိုင်းရေစီရေး ကြွေးကြော်သံများ၊ တစ်ပါတီစနစ် ဖျက်သိမ်းရေး ကြွေးကြော်သံ များဖြင့် တိုနေသည်။

ဖြစ်ပွားကြသမျှအပေ လွှတ်ပေးမည်

ယခု ဖြစ်ပွား နေသော အရေး အခင်းတွင် ထိန်းသိမ်း ထားသူ များအနက် ပြစ်မှုဆိုင်ဆာ ပြစ်မှုကြီး များမှ အပ ကျန်သူ အားလုံးကို ချက်ချင်း လွှတ်ပေးရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက သက်ဆိုင်ဆာ ပြည်သူ့ခဲတပ်ဖဲ့များထံသို့ ၂၅ရက် နေ့က ညွှန်ကြားလိုက်သည်။

အစေ့သဒီး

ဩဂုတ် ၂၆ရက်နေ့ခုနှစ်က ဝဝနာဒီ ခွဲတွင် အမျိုးသားခေါင်းဆောင်ကြီး လွှတ်လပ်ရေး ဝိသုကာ ဓိလိမ္ပချုပ် အောင်ဆန်းတို့သမီး ဒေါ်အောင်ဆန်း စုကြည်က ရွှေတိဂုံဘုရား အနောက် မုခ်၌ မိန့်ခွန်းပြောကြားသည်။

အုံမခန်းလူထုကြီးကို သံသာနှင့်စကျောင်းသားထိန်း

လူထုစည်းဝေးပွဲကို မှလက သိမ်ဖြူကွင်းတွင် ကျင်းပရန် ကြေညာထား သော်လည်း လုံခြုံရေး အခြေအနေ အရ အနောက်မုခ်သို့ ရွှေ့ပြောင်း ကျင်းပခြင်း ဖြစ်သည်။ ယခု အခမ်း အနားသို့ ရန်ကုန်မြို့ဆေါ်နှင့် ရန်ကန် တိုင်းအတွင်းမှ ပြည်သူများ ၇သိန်း ကျော် တက်ရောက်သည်ဟု ခန့်မှန်း ကြသည်။ လုံခြုံရေးကို သံဃာတော် များနှင့် ကျောင်းသားများက တာဝန် ယူသည်။ ဒေါ်အောင်ဆန်းစုကြည်၏ ပတ်လည်တွင် နဂူးဌ် အဝတ်စည်း ထားသော ကျောင်းသား များက လက်ချင်းယှက်ကာဝိုင်းရံပြီး ကိုယ်လုံ နှင့် အကာ အကွယ် ပေးထား ကြသည်။



ကျောင်းသားလူငယ်တို့၏ လွှတ်လပ်ခွာတံတိုင်းကြီး အာရုံပေးခြင်းခံထားရသော ဒေါ်အောင်ဆန်းစုကြည်

က အသက်ပေးပြီး ဦးဆောင်သည့် အတွက် ယခုလို အစည်းအဝေးကြီး လုပ်နိုင်သည့် အခြေအနေသို့ ဆိုက် ရောက်လာခြင်း ဖြစ်ကြောင်း၊ ထို့ ကြောင့် အသက်ပေး သွား သည့် ကျောင်းသူ ကျောင်းသား များကို အမှတ်ရဂုဏ်ပြုရန် တစ်မိနစ် ငြိမ်သက် စေလိုကြောင်း ပြောသည်။

ပရိသတ်ကြီးက တစ်မိနစ်ငြိမ်သက် ဂုဏ် ပေးကြသည်။

စည်းလုံးညီညွတ်ကြဖို့

ဒေါ်အောင်ဆန်းစုကြည်က ဆက် လက် ပြောဆို ရာတွင် ဒီမိုကရေစီ ပန်းတိုင်သို့ရောက်ဖို့ လူထုအားလုံးက စည်းစည်းလုံးလုံး ညီညီ ညွတ်ညွတ် စည်းကမ်းရှိရှိဆိုတက်ကြမှ ရောက်နိုင် မည် ဖြစ်ကြောင်း။

နားလည်လွန်းလို့ ခက်ခဲ

ကျွန်မအကြောင်းမသိသေးသူများ အတွက် ပြောပြလိုကြောင်း၊ ကျွန်မ နိုင်ငံခြားမှာနေတယ်၊ နိုင်ငံခြားသား နဲ့ အိမ်ထောင်ကျတယ်၊ မြန်မာ့နိုင်ငံ ရေးအကြောင်း ဘာသိသလဲဟု မေး ကြကြောင်း၊ ဒီကနေ့ကစပြီး ပြည်သူ

အခေနာက်ပုန် ဟောပြောပွဲမှ လူထု ဒေါ်အောင်ဆန်း၏ ထူးခြားသော

လူထုနဲ့ပတ်ပတ်လင်းလင်းဆက်ဆံသွား တော့မှာ ဖြစ်ကြောင်း၊ နိုင်ငံခြားမှာ နေပြီး နိုင်ငံခြားသားနဲ့ အိမ်ထောင် ကျသည်ဆိုခြင်းမှာ မှန် ကြောင်း၊ ဒီ အတွက်နဲ့တော့ တိုင်းပြည်အပေါ်မှာ ထားတဲ့ ကျွန်မရဲ့မေတ္တာဟာ ဘယ်လို နည်းနဲ့မှ ကုဆင်းသွားနိုင်မှာ မဟုတ် ကြောင်း၊ မြန်မာ့နိုင်ငံရေးအကြောင်း ကိုလည်း နားလည်လွန်းသဖြင့် ခက် နေကြောင်း၊ မြန်မာ့နိုင်ငံရေးရပ်ထွေး မှုများကြောင့် ဒေဒေ ဘယ်လိုခံစားခဲ့ ရသည်ကို ကျွန်တော့်မိသားစု အသိဆုံး ဖြစ်ကြောင်း။

ဒုတိယလွတ်လပ်ရေးတိုက်ပွဲ

ဒီကနေ့အရေးအခင်းသည် တစ် တိုင်းတစ်ပြည်လုံး၏ အရေးအခင်းဖြစ် ကြောင်း၊ ဒေဒေ့ သမီး အနေဖြင့် ကျွန်မခေါင်းရွောင်မနေသင့်ကြောင်း ယခုအရေးအခင်းကို ဒုတိယ လွတ် လပ်ရေးတိုက်ပွဲကြီးဟု ခေါ် လှုပ်ဖြစ် ကြောင်း၊ ဒီမိုကရေစီ လွတ်လပ်ရေး ကို တစ်မျိုးသားလုံး လိုချင်ဆန္ဒ ပြင်း ပြလွန်းသဖြင့် ပေါ်ပေါက် လာသည့် တိုက်ပွဲကြီးဖြစ်ကြောင်း။

ဖိုင်းအခွင့်ခံရမယ်

ဒီမိုကရေစီခွင့်ပတ်သက်ပြီး ဒေဒေ က 'ကျွန်တော်တို့ဟာ ဒီမိုကရေစီ ဝါဒကိုသာ ခေတ်စားအောင် လုပ်ရ မယ်၊ အဲဒီဝါဒမျိုးအရသာ လွတ်လပ် တဲ့ မြန်မာနိုင်ငံ ထူထောင် နိုင်အောင် ကြိုးစားရမယ်၊ ဒါမျိုး မလုပ်နိုင်ရင် ကျွန်တော်တို့ နစ်နာမယ်၊ ဂျပန်နဲ့ ကျမနိုင်ကိုဝိုင်းပြီးအခွင့်ခံရသလိုခံရမယ် ဆိုတာသတိချပ်ကြရမယ်' စသည်ဖြင့် ပြောသွား ဖူးကြောင်း၊ ထိုသို့သော ဒေဒေ့စကားကြောင့် ဒီမိုကရေစီရေး တိုက်ပွဲဝင်ရကြောင်း။

ဗိတ်ဝမ်းမကွဲသင့်

ယခုတပ်မတော်နဲ့ပြည်သူကြားမှာ ဗိတ်ဝမ်း ကွဲနေကြောင်း၊ သည်လိုကွဲ နေလျှင် နောင် တိုင်းပြည် အတွက် အန္တရာယ်အမျိုးမျိုး ဖြစ်နိုင်ကြောင်း၊ ဗမာ့တပ်မတော် ဆိုသည်မှာ ဒေဒေ ပြု စု ပျိုးထောင်ခဲ့တဲ့ တပ်မတော်ဖြစ် ကြောင်း။

ကိုးကွယ်ဆည်းကပ်ရာဖြစ်သင့်

ဒေဒေက 'ဒီတပ်မတော် ဟာ ဒီနိုင်ငံ ဒီလူမျိုး အတွက် ကိုးကွယ် လဲလျောင်းရာ၊ ဆဲညားကပ်ရာ ဆိုတဲ့ အနေမျိုး ဖြစ်ရမယ်၊ ဒီလိုမဟုတ်ဘဲ တပ်မတော်ဟာ နိုင်ငံသူ နိုင်ငံသား တွေရဲ့ ဗိတ်ထဲမှာ အော့နှလုံးနာစရာ ဖြစ်မယ်ဆိုယင် ဒီတပ်မတော်ကိုတည် ထောင်ထားတဲ့ ရည်ရွယ်ချက်တွေဟာ အလကား ဖြစ်သွားတော့မှာပဲ' ဟု ပြောခဲ့ ကြောင်း။

ခေတ်ပုန်

ဒေဒေ ပြုစု ပျိုးထောင်ခဲ့တဲ့ တပ် မတော်နဲ့ ဒေဒေ့ အပေါ်မှာ အင် မတန် မေတ္တာရှိတဲ့ လူထုကြီး ကြားထဲ မှာ ပဋိပက္ခ မဖြစ်စေချင် ကြောင်း၊ လူထု အားကိုးတဲ့ တပ်မတော်ကြီး ဖြစ်ပါစေဟု တပ်မတော် သားများ ကိုလည်း မေတ္တာ ရပ်ခံ လိုက်ပါ ကြောင်း၊ ဖြစ်ခဲ့ပြီးတာတွေကို ပြည်သူ လူထုက ကြိုးစားခွင့်လွှတ်ပြီး တပ် မတော် အပေါ်မှာ မေတ္တာမပျက်ဖို့ တောင်းပန် လိုကြောင်း။

ဒီမိုကရေစီပန်းတိုင်သို့

အားလုံး တညီတညွတ်တည်း ဒီမို ကရေစီပန်းတိုင်ကို အရောက် ချီတက် စေချင်ကြောင်း၊ ထိုသို့ချီတက်ရာတွင် ငြိမ်းချမ်းသည့် နည်းလမ်းကို သုံးစေ ချင်ကြောင်း၊

နှလုံးရည်ကို ဆက်ပြ

ကျောင်းသားလူငယ်များဟာ အင် မတန် တော်ကြောင်း၊ သူတို့အင်္ဂလက်ရုံး ရည်ကို ထုတ်ဖော်ပြပြီးကျော်ကြောင်း၊ ဆက် လက်၍ နှလုံးရည်ကို ပြ မယ်ဆို တာ ယုံကြည်ခကြောင်း၊ အချင်းချင်း ညီညီ



ဒေါ်အောင်ဆန်းစုကြည်။ ။စစ်မှန်တဲ့ဒီမိုကရေစီပေးလော့

ညှာတ်သွတ်နဲ့ ဆတ်သွားဖို့ မေတ္တာရပ်ခံကြောင်း။

အဖြတ်ထုတ်မခံ

ကျွန်မနောက်မှာ ဘယ် နိုင်ငံ ရေးသမားမှ မရှိကြောင်း၊ **အခုလုပ်နေတာဟာ** ပြည်သူလိုချင်တဲ့ ဒီမိုကရေစီရရှိရေးဖြစ်ကြောင်း၊ **ဒီအတွက်** ကူညီချင်ပါတယ်ပြောသည့်နိုင်ငံရေးသမားဟောင်းကြီးတွေရှိကြောင်း၊ ကူညီပြီး နောင်ဒိုင်ဒင်ရေးအဖြတ်မထုတ်ဖို့ အခုကတည်းက ကျွန်မပြောဆားကြောင်း အဖြတ်ထုတ်လျှင် ကျွန်မ ကိုယ် ထိုင်ရတ်ချမည်ဖြစ်ကြောင်း။

ဆန္ဒခံယူပွဲမလို

ကျွန်မတို့အားလုံး ပါတီစုံ ဒီမိုကရေစီစနစ်ကို လို လား နေ ကြောင်း၊ လူထုဆန္ဒခံယူပွဲ လုပ်ဖို့ မ လို တော့ကြောင်း၊ တစ်တိုင်းတစ်ပြည်လုံးရဲ့ဆန္ဒက္ကက်ကွက်ကွင်းကွင်း ပေါ်နေပြီဖြစ်ကြောင်း၊ ပြည်သူ့ဆန္ဒအတိုင်း အမြန်လိုက်လျောဖို့ လက်ရှိ **အစိုးရတာဝန်**ဖြစ်ကြောင်း၊ သန့်ရှင်း စင်ကြယ်ပြီး တရားမှုတဲ့ ရွေးကောက်ပွဲ လုပ်ပေးနိုင်ဖို့ ကြားဖြတ်**အစိုးရ** လိုကြောင်း။

နိုင်မှာတဲ့စနစ်

ဒီမိုကရေစီ ဆိုသည်မှာ ကိုယ့်ယုံကြည်ချက်ခဲ့ကိုယ် မား မား မတ် မတ် ရှိနိုင်တဲ့ စနစ်မျိုးဖြစ်ကြောင်း၊ လူထုအနေနဲ့ ညီညွတ်ဖို့၊ စည်းကမ်းရှိဖို့၊ **အမှန်တရားခဲ့** ကိုကည်ဖြတ်ဖို့ လိုကြောင်း **အကျယ်**တဝင့် ပြောကြားသွားသည်။

ကြွေးကြော်သံများ

ဆန္ဒခံယူပွဲအလိုမရှိ၊ တစ်ပါတီစနစ် ဖျက်သိမ်းပစ်၊ ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်ပေး၊ တရားမှုတသော ရွေးကောက်ပွဲ အမြန်ဆုံးကျင်းပပေး ဟူသောကြွေးကြော်ခဲ့သံများကို တိုင်ဆာသိန်းပေါင်းများစွာသောပြည်သူလူထုကအသံသည် နားပွင့် မ တတ် မြည်ဟည်းသွားခဲ့သည်။

သူရဦးတင်ဦးတောင်းဆို

၂၇–ရက်ခန့်နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဝန်ကြီးနှင့်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦးက ရန်ကုန် ဆေးရုံကြီးဝင်းအတွင်း၌ လူထုကြီးကို မိန့်ခွန်း ပြောသည်။ တစ်ရက် ကြိုတင် ကြေညာပြီး စီစဉ်ထားခြင်း ဖြစ်သည်။ ပရိသတ်တိုးမပေါက်အောင် တက်ခဲ့သည်။

ပါတီမထောင်

သူရဦးတင်ဦးက တပ်နှင့်ပြည်သူကြည်ဖြူကြေစေလိုကြောင်း၊ ဒီမိုကရေစီရေးအတွက် တောင်းဆို ဆန္ဒပြနေသူများ စည်းကမ်း ရှိရှို လိုကြောင်း၊ **မင်းမဲ့**စရိုက် လွှမ်းမိုးလာမည်ကိုစိုးရိမ်ကြောင်း၊ မိမိသည် ပွဲလှန်၍ ဖျာခင်းသူ မဟုတ်ကြောင်း၊ ပါတီထောင်ပြီး ရွေးကောက်ပွဲ ဝင်မည်သူ မဟုတ်ကြောင်းများကို အကျယ်တဝင့် ပြောကြားသွားသည်။

ကိုယ်ထုကိုယ်ထကာကွယ်

ဩဂုတ်လ ၂၄ ရက်နေ့ ညနေပိုင်းမှစ၍ ရန်ကုန်ပြင်ရှိ ရဲကွက်တိုင်း၊ လမ်းတိုင်း၏အဝင်အထွက်များကို လူထုက တံခါးများချက်ချင်းကာရံပိတ်ဆို့ကာ ယာယီ အုပ်ချုပ်ရေး ကော်မတီများ၊ လမ်းလုံခြုံရေးဒေသွဲများဖွဲ့ကာ နေ့ကင်း ညကင်းများဖြင့် ဝါးခွန်၊ လောက်လေး၌၊ ခားလှံများ ကိုင်ဆောင်ပြီး စောင့်ရှောက်ပေးနေကြသည်။

အချင်းချင်း ရိုင်းဆော်

ပြည်သူလူထု စည်းလုံးညီညွတ်ရန်၊ အဖျက်သမားပေါင်းစုံ၏ရန်ကို နှိုးနှိုးကြားကြား စုပေါင်း ကာကွယ်ကြရန်၊ နိုင်ငံခြား ရည်မှန်းချက် ပန်းတိုင်ကို မျက်ခြည် မပြတ်ရန် အချင်းချင်း ရိုင်းဆော်စာများ၊ ဝိုစာများ၊ လက်ကမ်း ကြော်ငြာများ ပလူးလုံအောင် ဝေငှသည်။ စာရွက်ကပ်ရသည့်နေရာတိုင်း အကြောင်းအလပ် မကျန်ရဲသာမက ခံတပ်တိုင် များတွင်ပါ ရိုင်းဆော်ချက်များ ရေးသားကပ်ကြသည်။

ကြားဖြတ် အိမ်စောင့် အစိုးရဟု စည်းပေးရေး၊ ပါတီစုံ ဒီမိုကရေစီစနစ် တည်ဆောက်ရေး၊ တစ်ပါတီစနစ် ဖျက်သိမ်းရေး၊ ငြိမ်းချမ်းစွာ ဆန္ဒပြနေသော ပြည်သူ များအား အကြမ်းမဖက်ရေး လှုံ့ဆော် မှုမှာ မကြုံဖူးအောင် ကြီးမား လှသည်။

ထိုအချိန်မှာပင် အင်းစိန်၊ ပုသိမ်၊ စစ်ကတ္တ၊ မကွေး၊ မြို့တိုမြို့များ၌ ထောင်ထမှုကြီးများ ဖြစ်ပွားသည်။ ပစ်ခတ်မှုမှာ ဖြစ်ပွားသည်။ ထောင်သားများ ထောင်နှင့်ချီ၍ လွတ် မြောက်ခြင်း၊ သက်ဆိုင်ရာတို့က လွှတ်ပေးရခြင်းများ ရှိသည်။ ထို့ကြောင့်လည်း လူထုက မိမိတို့ အစီအစဉ်ဖြင့် လုံခြုံရေးများကို ဆောင်ရွက်နေကြခြင်းဖြစ်သည်။

ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီ ၁၅မိနစ်က ရန်ကုန်တက္ကသိုလ်တကသ အဆောက် အအုံ ဟောင်း ကွက် လပ် တွင်ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (တရားဝင်) ဖြစ်မြောက်ရေးဗဟိုကော်မတီ ပထမ အကြိမ်ညီလာခံ ကျင်းပသည်။

အခမ်းအနားတွင် စာရေးဆရာများ၊ ဗဟို တရား ရုံး ချုပ်နေများ၊ ကျောင်းသား အဝင်းဆောင်ဟောင်း

များ၊ အနုပညာသည်များကလည်း တော်အဖြစ် တရားဟောသည်။

ဗကသအမှုဆောင်အဖဲ့ကို ဥက္ကဋ္ဌ မင်းကိုနိုင်၊ ဒုဥက္ကဋ္ဌ ကိုကိုကြီး၊ အထွေထွေ အတွင်းရေးမှူး မိုးသီးဇွန်တို့ ပါဝင်သော ယာယီဗဟို ကော်မတီကို ခဲ့စည်းပြီးကြောင်း ကြေ ညာ သွား သည်။

မွန်းလွဲ ၂ နာရီတွင် အခမ်းအနား ပြီးဆုံးသည်။ တက်ရောက်လာကြသော ကျောင်းသားဝါးထောင်ခန့်သည် သုံး ရောင်ခြယ်အလံ၊ ခွပ်ဝေါင် အလံများကို လွှင့်ထူကာ ရန် ကုန် မြို့ လယ် ဆို့ စီတန်းလှည့်လည်ကာ ငြိမ်း ချမ်း စွာ ဆန္ဒပြသွားသည်။

မနှုပ်ဝင်္ဂြိတွင် ယခုလ ၁၂ ရက် နေ့မှစ၍ မဟာဗေဓိတန်ဆောင်းကြီး နှင့် မြို့လယ်ဓမ္မာရုံတို့တွင် လူထုစုရုံးပြီး တရားဟောခြင်း၊ ဝိုစတာကပ်ခြင်း မြို့တွင်းလှည့်လည်ခြင်းပြုလုပ်ကြသည်။

မကွေးမြို့တွင် တောင်သူ လယ်သမားများပါ အင်အား တစ်သောင်း ကျော်တိုသည် လည်းကောင်း၊ ဝမ်းတွင်းနှင့် သဲတောမြို့များတွင် လည်းကောင်း ပါတီစုံဒီမိုကရေစီကိုတောင်းဆိုကြသည်။ ဝမ်းတွင်းမြို့၌ လူထုဖျက် သဖြင့် အိမ် ၁၀ လုံး ဖျက်စီးသည်။





အပူခံပုံးဖောက်ခိုးခံရ

ရေကျင်း၊ ဩဂုတ်- ၁၄။ ။ရေကျင်မြို့ အရှေ့ မဟာမင်္ဂဠာ ဘုရားကြီးကုန်းတော်ပေါ်ရှိ နတ်ဘီလူးမ (မမကြီးဟု ခေါ်ကြသည်) ၏ ရပ်တုရှေ့ရှိ အလှူခံ ပုံးကို ဖောက်ကာ အများပြည်သူ လှူဒါန်း ထားသည့် ငွေများ ယမန် နေ့က ခိုးယူခြင်း ခံရသည်။ အလှူခံ ပုံးကို တန်ဖူးလမ္ဘ စတင်ဖွင့်လှစ်ဘဲ ထားခဲ့ရာ ယမန်နေ့အထိ အလှူခံ ရရှိထားသောငွေများ ခိုးယူသွားခြင်းခံရသည်ဟုဂေါပကအဖွဲ့ဝင် တစ်ဦးက ပြောပြသည်။

မင်းဘူး ရောတက်

မင်းဘူး၊ ဩဂုတ်–၅။ ။ဇူလိုင်နောက်ဆုံးပတ်မှစ၍ တစ်နေ့တစ်ပေ ကျော်နှုန်း တက်လာသော မြစ်ရေကြောင့် နယ်မြေကြီး လေးနယ်မြေအတွင်းရှိ ရပ်ကွက် အနိမ့်ပိုင်းများ ရေမြုပ်ကုန်သဖြင့် ရပ်ကွက်သူ ရပ်ကွက်သားများ ရေလွှတ်ရာသို့ပြောင်းနေကြရသည်။ မင်းဘူး ဈေးကြီးမှာ ရေတစ်ဝက်ခန့် ဝင်နေပြီးအမှတ်-၃ ရပ်ကွက် မူလတန်းကျောင်းနှင့်လွှမ်းရှိ ရုပ်ရှင်ရုံတို့ ရေမြုပ်စပြုနေသည်။ ယခုအခါ မင်းဘူးမြို့ သုံးပုံနှစ်ပုံခန့်ရေမြုပ်နေပြီ ဖြစ်သဖြင့် မြစ်ရေ ဆက်လက် အတက်ကြမ်း လာမည်ကို မြို့လူထု ကိုးရိမ်နေကြကြောင်း သိရသည်။

မိသားစု သတ်မှုပေါ်

ဖျာပုံ၊ ဩဂုတ်–၂၆။ ။ဖျာပုံမြို့နယ် ထလွန်ကျေးရွာတွင် တစ်မိသားစုလုံးကို ရက်ရက်စက်စက် သတ်မှုတာဒဏ် ဖြစ်ပွားသဖြင့် ဖျာပုံ ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှ အပူတပြင်း အရေးယူ စုံစမ်း ခဲ့ရာ၊ ထလွန်ကျေးရွာနေ မောင်ထွန်း (၃၁ နှစ်)၊ အေးတွန်း (၁၉ နှစ်)၊ မြင့်ဦး (၂၄ နှစ်)၊ စန်းမောင် (၃၂ နှစ်) တို့အား အထောက်အထားများ နှင့်တကွ ဇွန်းဆီးရမိ၍ ပုဒ်မ ၃၀၂/ ၃၄/၁၁၄ ဖြင့် ဩဂုတ်လ ၂၂ ရက် နေ့က ရုံးတင် တရားစွဲဆိုကြောင်းသိရသည်။

အမှုမှာ ထလွန်ကျေးရွာနေ မောင်ခင်ဝင်း (၂၇ နှစ်)၊ မလွန်ရေ (၂၆ နှစ်)၊ ၎င်းတို့၏သမီးများဖြစ်ကြသော မခဲ့ခဲ့ကြူ (၆ နှစ်)၊ မခဲ့ခဲ့မူ (၃ နှစ်) တို့ကို ဇူလိုင် ၂၂ ရက်နေ့က သတ်ဖြတ်ခဲ့သောအမှု ဖြစ်သည်။

(သတင်းမဂ္ဂဇင်း-၂ တွင်ဆော်မြမိုး)

စားကြစမ်း ပြောင်းပူးတွေ့

တောင်ငူ၊ ဩဂုတ်–၄။ ။ယခုနှစ် ခိုးဆာသီတွင် တောင်ငူမြို့နယ်ကျေးရွာများမှ ထောင်သူဦးကြီးများ စိုက်ပျိုးခြစ်ထွန်း အောင်မြင်နေသော ပြောင်းဥးများကို ဝှေ့ချိတ်လေများဖြင့် ရေကြောင်းမှ တောင်ငူမြို့–စစ်တောင်း မြစ်ကူးတံတားဆိပ်ကမ်း ဈေးကွက်သို့ နေ့စဉ် တင်ပို့ရောင်းချလျက်ရှိရာ မြို့လူထုမှာ ဈေးနှုန်းချို့ချို့ဖြင့် ပြောင်းဖူးလိုင်လိုင် စားသုံးနေရခိုင်ကြသည်။

စည်းကမ်းမဲ့ သစ်လုံးများပံ့

သီပေါ်၊ ဩဂုတ်–၁၇။ ။တစ်နေ့လျှင် ကားအစီး ၃၀၀ ခန့် ဖြတ်သန်း သွားလာနေသည့် မန္တလေး–လားရှိုး ကားလမ်း၏အလယ်၊ သီပေါမြို့တည်ရှိရာ ပြို၏အနောက်ဘက်တွင်မြဲသီတာသစ်ခွဲစက် တစ်စက် ရှိသည်။ ယင်းသစ်ဧက်အနီး ကားလမ်းဘေးခဲ့ယာတွင် သစ်လုံးများ စုနှစ်တကျ စုပုံထားခြင်းမှိုဘဲ ဖရိဖရဲဖြစ်နေလေရာ ယာဉ်နှစ်စီး မတိမ်းသာ မရှောင်သာ ဘဲအန္တရာယ်ကို လက်ယပ်ခေါ်နေသလို ဖြစ်နေသည်။

လွန်ခဲ့သည့် သုံးလခန့်က လည်း လူကြီးတစ်ဦး သစ်လုံးပိ၍ ကိုယ်တစ်ခြမ်း သေခဲ့ရပြီး ကလေးငယ်တစ်ဦးလည်း အသက်ဆုံးပါးခဲ့ရဖူးသည်။

မကွေး ဆီစျေးကျ

မကွေး၊ ဩဂုတ်–၁၅။ ။မကွေးမြို့နယ်တွင် ယခုတလော ဆီထွက်သီးနှံများ ဖြစ်သည့် မြေပဲနှင့် နှမ်းများ လိုင်လိုင်ပေါ်နေပြီဖြစ်ရာ ဆီစျေးမှာ တစ်ပိဿာလျှင် ၄၅ကျပ် ဈေးသို့ ကျသွားသည်။

မြေပဲတစ်တင်း ၄၅ကျပ်မှ ၃၀ကျပ်၊ နှမ်း တစ်တင်း ၂၄၅ကျပ်မှ ၃၀၀ ကျပ်ဈေးရှိသည်။ ဈေးတည်ငြိမ်မှုကား မရှိသေးချေ။ လောလောဆယ် လူထု ဆန္ဒပြပွဲများ ဖြစ် ပေါ် နေ သော ကြောင့်လည်း၊ ကုန်ဈေးနှုန်းများ လွှမ်း နေခြင်း ဖြစ်သည်။

ဆန်ဈေး မှာလည်း မနော်ဟရီ တစ်အိတ် ၃၀၀ ကျပ်၊ ဆန်ကြမ်း တစ်ပြည် ၁၁ကျပ်မှ ၁၂ ကျပ် ဖြစ် နေသည်။

နယ်ကိုယ်စားလှယ်များသို့

၁။ ။လေယာဉ်နှင့်ပို့ရလျှင် အနည်းဆုံးစောင်ရေ ၂၅၊ မော်တော်ကား၊ သင်္ဘောနှင့် ပို့ရလျှင် အနည်းဆုံး စောင်ရေ ၂၀၊ မီးရထား၊ စာတိုက်နှင့် ပို့ရလျှင် အနည်းဆုံး စောင်ရေ ၁၀ မှာယူရပါမည်။ ငွေပေးပို့ဖြင့် လုံးဝမပို့ပါ။

၂။ ။မိမိလိုအပ်သော စောင်ရေအတွက် ပြက္ခဒိန်တစ်လစာ ကျသင့်ငွေကို ကြိုတင် ပေးပို့ထားရပါမည်။ ငွေအဝင်နောက်ကျလျှင် တိုက်ရှိလက်ကျန်ငွေနှင့် ညီမျှသော စောင်ရေကိုသာ ပေးပို့နိုင်ပါမည်။

၃။ ။လေယာဉ်၊ မော်တော်ကားများနှင့် ပေးပို့ရပါက ပို့ဆောင်ခ ကျသင့်ငွေတစ်ဝက်ကို ကိုယ်စားလှယ်က ကျခံရပါမည်။

၄။ လစဉ်စောင်ရေရှင်းတမ်းကို ပြက္ခဒိန်လစဉ် နောက်ဆုံးအပတ်ထုတ် မဂ္ဂဇင်းနှင့်အတူ ပုံမှန် ပေးပို့ပါမည်။

ဖြန့်ချိရေးမှူး

ဆေးရုံတက ဆေးကုသ ပြောင်သူ

အစောင်းဦးသူ စဖြင့်အနိုး(၁)နှင့် ဒေသနိုးအေး

ကလေးငယ်ကို ဖြားယောင်းခိုးယူဖို့ကြံ

မော်လမြိုင်၊ ဩဂုတ်-၃၊ အသက် ခြောက်နှစ် အရွယ် ဝထမ ထန်းကျောင်းသူလေး တစ်ယောက် အား ဖြားယောင်း ခေါ်သွားမှု ဇူလိုင် ၂၆ ရက်နေ့က မော်လမြိုင် အထက (၆) တွင် ဖြစ်ပွားခဲ့သည်။

အစ်ဦးတည်းသမီး

ဖြားယောင်း အခေါ် ခံရသူမှာ မော်လမြိုင် မွန်ယဉ်ကျေးမှု စာကြည့် တိုက်မှ ဝန်ထမ်း ဦးဝင်းမောင်ထေး နှင့် မုလတန်းပြ ဆရာမ ခေါ်တင်မြ တို့၏ တစ်ဦး တည်း သော သမီး မြရမ်းနွယ် ဖြစ်သည်။

ကျောင်းစာ

ထိုနေ့ မနက်က မြရမ်းနွယ်အား အတွားကြွယ်သက အထတ (၆) သို့ လိုက်ပို့သည်ကျောင်းမဖွင့်ဆေးသဖြင့် အခြား ကျောင်းသူငယ် ကလေးများ နှင့်အတူ ကျောင်းရှေ့တွင် ထားဦး ပြန်ခဲ့သည်။

ထိုစဉ် အမည်မသိ အမျိုးသမီး နှစ်ဦး ရောက်လာပြီး မြရမ်းနွယ် ကို ပြောင်းဖူးဆိုင် လိုက်ပြ ခိုင်း သည်။ ထို့နောက် သားသနာ ၂၅၀၀ ဘုရားဘက်သို့ ဖြားယောင်း ခေါ်သွားသည်။

ထိုဘုရား အနီးနေ မြရမ်းနွယ် မိဘများ၏ မိတ်ဆွေ မောင်အေး က တွေ့သဖြင့် မေးရာ အမျိုးသမီး နှစ် ယောက်က ခေါ်သွား လိုက်ပို့ မလို့တဲ့ ဖြေသည်။ မြရမ်းနွယ် တက် ရမည့် အထက (၆) ကျောင်း ကို ဆရာ ခိုင်း သွားနေ သဖြင့် မသက်ာပြီး အနီးရှိ မှုလတန်း ကျောင်း မှ ဆရာမကြီးကို အကြောင်းကြားသည်။

ဆရာမ များနှင့် ကျောင်းသား များက လိုက်ရှာပြီး ရှိမ ပြည်သူ့ ရဲတပ်ဖွဲ့ရုံးသို့ ပို့သည်။

အမျိုးသမီး နှစ်ဦးမှာ မော်လမြိုင် လိုင်အုတ်ဖိုနေ မစြင့်သန်း (၃၀နှစ်) နှင့် မသန်းအေး (၂၂-နှစ်) တို့ဖြစ်ပြီး ကလေးအား ဖြားယောင်း ခေါ်ယူ သွားခြင်း ဖြစ်ကြောင်း အစစ်ခံသည်။ ရဲက ပုဒ်မ ၃၆၃ ဖြင့် အမှုတွင် အရေး ယူပြီး မြရမ်းနွယ်အား မိဘများလက် သို့ ပြန်အပ်လိုက်သည်။ ■

အခန်းယူကား

ဝက်လက်၊ ဩဂုတ်-၁၀၊ ဝက်လက်မြို့နယ် သမဝါယမအသင်းဥ အသင်းဝိုင် မော်တော်ယာဉ် သုံးစီး ရှိသည့်အနက် အမှုဆောင်များ စီးနင်း အသုံးပြုသော မာဇဒါ ဘီ၁၂၀၀ အမျိုးစား ယာဉ်အမှတ် ရ/၇၂၃၁ မှာ ဘီးလိမ့်နေသည်မရှိဘဲ အမြဲတမ်း ပျက်စီးပြီး ထိုး ထား ရ သည်က များ သည်။

စည်းကမ်းကြောင့်

အဆိုပါမော်တော်ယာဉ်ကို ယခင် ဆယ်နှစ်ခန့်က ဝယ်ယူခဲ့သည်။ အမှု ဆောင်များအဆက်ဆက်က တာဝန် ရှိ ယာဉ်မောင်းကိုသာ အသုံးပြုပြီး ခရီးသွားလာခဲ့ကြသဖြင့် မော်တော် ယာဉ်မှာ အပျက်အစီး နည်းခဲ့သည်။

ကိုယ်တိုင်ဓမာင်း

နောက်ပိုင်း အမှုဆောင်ကမူ ထို ကားနှင့် အမောင်းသင်ခြင်း၊ သုံးရန် ရှိသောအခါ ကိုယ်တိုင် မောင်းသည် က များခြင်းတို့ကြောင့် အပျက်များရ ခြင်း ဖြစ်သည်ဟု ရှိလှုထုက ပြောနေ ကြသည်။

ယခုအခါ အဆိုပါမာဇဒါ မော် တော်ယာဉ်မှာ ရှိနှင့်သမအသင်းရုံး ဝင်းအတွင်းဘွဲ့ အသက်ကင်းခဲ့ရွာဖြင့် မိုးရွာအစို နေပူအ ခြောက် ဘဝ သို့ ရောက်နေရသည်။ ■

ဆေးရုံတက ဆေးကုသ ပြောင်သူ

မော်လမြိုင်၊ ဩဂုတ်-၃၊ ရှမ်းပြည် နယ် အတွင်းရှိ ဝေဒနာရောင်လွန်များ အားထားရာ မော်လမြိုင်ရှိ တိုင်းပြည် သူ့ဆေးရုံကြီးနှင့် တိုင်းပြည်သူ့ဆေး ရုံခွဲ (ဒီးယဝ၊ သားဇွားနှင့် ကလေး ဆေးရုံ) တွင် အက်ဆောက် ကုသနေ ကြသော အတွင်းလူနာများအနေဖြင့် လိုအပ်သော ဆေးဝါးများကို ပြင်ပဒဏ္ဍ တန်ဖိုးကြီးများဖွာ ဝယ်ယူ သုံးစွဲနေရ ခြင်းတွင် တိုင်းဆေးရုံခွဲ၌ ဆေးဝါးများ ပြင်ပသို့ မှောင်ခို ထုတ်ဆောင်းသော မှုခင်းတစ်ရပ် ဇွန် ၂၃ ရက်နေ့က ပေါ် ပေါက်ခဲ့သည်။

ဒုက်ဆာရာ

ထိုနေ့က တိုင်းဆေးရုံခွဲတွင် တာ ဝန်ရှိ ကြီးကြပ်သူ၏ အစီအစဉ်ဖြင့် ရှိလုပ်ထားသော လူ နာများအား နေ့စဉ် ကုသဆေးရန်အတွက် ပင်မစတို့ ၃ ဆေးဝါးများကို ကြိတင် ထုတ်ယူ ထားရှိသော စတို့ခွဲအခန်း၌ ပြင်ပသို့ ဒိုးထုတ်ရန်ဟု ယူ ဆ ရ သည့် ဂလူး ကို့ (၆) ထိုး ဆေး ကပ် ၆ ကပ် ပါ အထုပ်တစ်ထုပ်ကို ချောင်တစ်ခုဥ် သို့ ဝှက်ဆားသည်ကို တွေ့ရသည်။ မည်သူ ဒိုးထုတ်မည်ကို စောင့်ကြည့်ကြသော် လည်း ထိုနေ့က မည်သူမှ ဒိုးထုတ်မှု မရှိခဲ့ချေ။

ဆဲဆိုခြင်း

လက်ထောက်ဆေးရုံအဝ ဦးအေး ဇေက ဇွန် ၂၄ ရက်နေ့တွင် ရှိမပြည် သူ့ရဲတပ်ဖွဲ့စခန်းသို့ ထိုကိစ္စကို စော် ထုတ် အရေးယူပေးပါရန် စာဖြင့်တိုင် တန်းခဲ့သည်။ ထိုနေ့က စတို့ခွဲခန်းသို့ မယောင်မလည် ဖြင့် သွား ရောက် ခဲ့ သည်ဟုဆိုသော ယင်း ဆေး ရုံ ခွဲ မှ ဆရာမကြီး အင်ဆွမ်ဆိုသူနှင့် စတို့ခွဲ ဝ၊/ဘ စတို့မှူးတာဝန်ပေးထားသော ယင်းဆေးရုံခွဲမှ ဝန်ထမ်းတစ်ဦးဖြင့်သူ သန်းဦးတို့ကို ရှိမပြည်သူ ရဲတပ်ဖွဲ့စခန်း ၄ ခေါ်ယူ စစ်ဆေး ဝမ်းဆီးလိုက် သည်။ သန်းဦး၏ ထုတ်ဝေချက်အရ လွန်ခဲ့သောလပိုင်းက သန်းဦး အနေ ဖြင့် သွားရောက်ရောင်းချခဲ့သည့် ဓမော် လမြိုင် ခိုင်ဒါရေးရှိ ဆိုင်ခန်းများတွင် သွားရောက် သိမ်းဆည်းလိုက်သည်။

သူဓေါ

ထို့ပြင် သန်းဦးက အဆိုပါ ဆေး ဝါးများ ပြင်ပသို့ ဒိုးထုတ် ရောင်းချ ခြင်းမှာ မိမိအပြင် ဝန်ထမ်းအဆို့ ပါဝင်ကြောင်းနှင့် ယခုဝမ်းဆီးထား သော ထမင်းချက် အင်ဆွမ်မှာ ဆေး ဝါးဒိုးထုတ်မှုများတွင်ပါဝင်ပတ်သက် မှုမရှိကြောင်းထုတ်ဝေမှုအရ ထမင်း ချက် အင်ဆွမ်အား ဇူလိုင် ၂၆ ရက် နေ့တွင် ကွင်းထုံးပုဒ်မ ၁၆၀ အရပြန် လွှတ်လိုက်သည်။

အာဏာသိ

အဆိုပါ စတို့ခွဲ၏တာဝန်ခံ ဦးခင် ဆွေးက အထက်မ ဖြစ်ရပ် ဖြစ်ပွားပြီး ရက်ပိုင်းဥ မိမိ၏ဘေးဘီရှိမှ ဆေးဝါး ပစ္စည်း ကျပ် တစ် သောင်း ကျော် ဖိုး မျောက်ဆုံးပျောက်ဖိုကြောင်း စစ်ဆေး တွေ့ရှိရသည်ဟုပြည်သူ့ရဲတပ်ဖွဲ့စခန်း သို့ အကြောင်းကြားခဲ့သည်။

အမှုကို သက်ဆိုင်ရာ မော်လမြိုင် ရှိမ ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ ဝန်းဆီး ထားသူ သန်းဦး အပေါ်တွင် ပြည် သူ့ဝိုင် ပစ္စည်း ကာကွယ်ရေး အက် ဥပဒေ ပုဒ်မ ၆(၁)အရ အရေးယူ ထားသည်။ ■

အဖြိုဖြိုးယူစနှစ်ဘွဲ့ ဆဝိုင်ဓမော်စောင်းများ